မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၆)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ မကြာမီ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည် ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေး တိုင်းရင်းသားလေ့လာရေးအဖွဲ့အား တစ်ဧက စပါးတင်း ၂၀၀ အထက် ထွက်ရှိမည့် သိပ္ပံနည်းကျ အထူးအထွက်တိုးစပါးမျိုးစိုက်ခင်း၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြု ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှုနည်းအောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း (၈)ရပ်အနက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ တွက်ခြေကိုက်မည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ စိုက်ပျိုးသီးနှံအလိုက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် (Good Agriculture Practice) ကို အသုံးပြုနိုင်ရန်၊ အရည်အသွေးကောင်းမွန်သော အထူးအထွက်တိုးမျိုးစေ့များကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်တို့အတွက် သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လေ့လာမည့် မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင် ခေါင်းဆောင်သော မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများ၊ စပါးစိုက်တောင်သူများနှင့် ကြံစိုက်တောင်သူများ စုစုပေါင်း ၄၆ ဦး ပါဝင်သော စိုက်ပျိုးမွေးမြူရေး တိုင်းရင်းသားလေ့လာရေးအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေးစိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက (၅၀)စိုက်ကွင်း ရှင်းလင်းဆောင်၌ တွေ့ဆုံ၍ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့အပြင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက် (၅)ချက်ဖြစ်သည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် (Good Agriculture Practice) အား အသုံးပြုရန်၊ သွင်းအားစု၊ စိုက်ပျိုးရေ အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ၊ ပိုးမွှားရောဂါကာကွယ်ဆေးများကို အချိန်ကိုက်၊ အချိုးကျ ထိရောက်မှန်ကန်စွာ သုံးစွဲရန်၊ မျိုးစေ့ရွေးချယ်အသုံးပြု ပျိုးထောင်ချိန်မှစပြီး ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရန်၊ ထွက်ရှိလာသည့် သီးနှံများကို အရည်အသွေးပြည့်မီရန်နှင့်

စာမျက်နှာ ၈ ကော်လံ ၁ ◆

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

၂၀၁၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲ တောင် ကို ရီး ယား နိုင် ငံ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရ။

(စာ - ၁၂)

အသံပါရမီရှင် ဖိလစ်ပိုင်အဆိုတော် ချာရိုက်စ်၏ ဂီတ ပုံရိပ်။

(စာ - ၁၂)

အသေးစား ကြိုးမဲ့ကီးဘုတ် ဟောင်ကောင်တွင်ပြသ။

(စာ - ၅)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၈ ရက်)

ကျန်းမာရေးစောင့်ရှောက်မှုအောင်မြင်ရေး စေတနာမေတ္တာပေါင်းစပ်ဆောင်ရွက်

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးဘက်ဆိုင်ရာပညာရပ်များဖြင့် ကုသပေးရုံသာမက လူနာများအပေါ် စေတနာမေတ္တာထား၍ ပြုစုစောင့်ရှောက်ရန်လည်း လိုအပ်လှပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇူလိုင် ၆ ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာန၊ ဌာနဆိုင်ရာအကြီးအကဲများအား ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ရာ ဒုတိယသမ္မတက "ဆရာဝန်၊ ဆရာမများမှအစ ကျန်းမာရေးလုပ်သားများအဆုံး ကျန်းမာရေး ကုသမှုခံယူသူ ပြည်သူလူထုကို အတတ်နိုင်ဆုံးတာဝန်အပြင် စေတနာဖြင့် စောင့်ရှောက်ပြုစုကုသမှုပေးနိုင်အောင်နှင့် ကျန်းမာရေးပညာဗဟုသုတကို တစ်ဆက်တည်းပေးနိုင်အောင် နည်းလမ်းများရှာကြံပြီး ဆောင်ရွက်သွားနိုင်အောင် ကြိုးကြပ်ကွပ်ကဲသွားရန် လိုအပ်ကြောင်း" ကို ထည့်သွင်းပြောကြားခဲ့သည်။

ပြည်သူလူထုအတွင်း နာမည်ကြီးနေသော စရိတ်မျှပေးကျန်းမာရေးစနစ်ကို သေချာစိစစ်ပြီး နိုင်ငံတော်က ချမှတ်ထားသည့် ကျန်းမာရေးမူဝါဒအတိုင်း ငွေရေးကြေးရေးကအစ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း ဒုတိယသမ္မတက ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအတွက် အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ဆေးရုံကြီး၊ ဆေးရုံငယ် ၉၂၉ ရုံ ဖွင့်လှစ်ပြီး ကုသပေးလျက်ရှိသည်။

ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် စီမံကိန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြုပြင်ပြောင်းလဲရန်ရှိသည်များကို ပြုပြင်ပြောင်းလဲသွားရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ၂၀၁၅ ခုနှစ်အတွင်း ရောက်ရှိလာမည့် အာဆီယံပေါင်းစည်းရေးနှစ်အချိန်တွင် တိုးတက်နေသော အာဆီယံနိုင်ငံ များနည်းတူ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်ကြရတော့မည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်ကြံဆောင်ရွက်ပြီး ပြည်သူလူထုအပေါ် စေတနာမေတ္တာ ပေါင်းစပ်ဆောင်ရွက်သွားပါက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်နိုင်ငံလုံး လွှမ်းခြုံအောင်မြင်တိုးတက်လာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ မြောင်းမြမြို့နယ်၌ ကျင်းပ

မြောင်းမြ ဇူလိုင် ၇

မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ခရိုင်အတွင်း ငါးသယံဇာတများ ပိုမိုပွားများစေရန်၊ ငါးထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် ငါးလုပ်ငန်းများပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာ သဘာဝရေပြင်အတွင်း ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီက ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ငါးမျိုးစိုက်ထည့်

အဆိုပါ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်မှ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျုံဝါးကျေးရွာ မူလတန်းကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရေလုပ်ငန်းရှင်များက ငါးကောင်ရေ လေးသိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

သာပေါင်း ဇူလိုင် ၇

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာ အ-လ-က ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဌ ဒေါ်ခင်နှင်းစိုး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းဦးနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက ရတနာ တန်းဝင်ကျွန်းနှင့် ပျဉ်းကတိုး၊ ယူကလစ်၊ အော်ရီရှားပင် စုစုပေါင်း ၉၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၀၇၇)**

ကျေးရွာချင်းဆက်တံတား ရေဖြူမြို့နယ်၌ဖွင့်

ရေဖြူ ဇူလိုင် ၇

ထားဝယ်ခရိုင် ရေဖြူမြို့နယ် ဧကနီကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အလှူရှင်များက လှူဒါန်းသော ဧကနီ-ဝဇွမ်းတော-ရဲကျေးရွာချင်းဆက်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၈ နာရီခွဲက အဆိုပါ တံတားသစ်မုခ်ဦးရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးနှင့် ရေဖြူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းသို့ မန္တလေးမြို့နေ စီးပွားရေးလုပ်ငန်းရှင် ဒေါ်စန်းရင်မိသားစုက ဇွန် ၅ ရက်တွင် အလှူငွေကျပ် သိန်းငါးဆယ် လှူဒါန်းရာ စခန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ လက်ခံယူစဉ်။ (၀၅၀)

အထက(၁)လသာ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အထက-၁ (စင်ထရယ်)လသာ ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာလ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ကျင်းပပြီး ကျင်းပရေးကော်မတီကို ဖွဲ့စည်းမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁) လသာ ကျန်းမာရေးနှင့် ကူညီစောင့်ရှောက်မှုရုံးခန်းသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ကြည့်ရှုစစ်ဆေး

ရွှေသောင်ယံမြို့ရှိ တာလောင်တံတားပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးနေမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်သက်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

ကြို့ပင်ကောက် ဇူလိုင် ၇

ကြို့ပင်ကောက်မြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေးအတွက် အရှေ့လမ်းမတော်လမ်းတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက်က ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသိန်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်လွင်တို့ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

8-7 (02).pmd 1 7/8/2011, 1:54 AM

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က)	ဦးစိန်ဝင်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန
(ခ)	ဦးခိုင်အောင်	ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြင်သစ်နိုင်ငံမှဧည့်သည်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြင်သစ်နိုင်ငံ Total Exploration and Production ၏ အာရှနှင့် အရှေ့ဖျားဌာနမှ Senior Vice-President Mr. Jean-Marie Guillermou ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြင်သစ်နိုင်ငံ **Total Exploration and Production** ၏ အာရှနှင့် အရှေ့ဖျားဌာနမှ **Senior Vice-President Mr. Jean-Marie Guillermou** ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် မသိမ့်လွဲ့ရည်ကိုအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား အားကစားဝန်ကြီးဌာနမှ ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်

နေပြည်တော် ဇူလိုင် ၇

အားကစားဝန်ကြီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အားကစားဝန်ကြီးဌာန ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုချီးမြှင့်ပေးရခြင်း ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် မသိမ့်လွဲ့ရည်ကို၊ ငါးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော မောင်ကျော်စိုးထက်နှင့် မနန်းကြည်ဖြူခင်၊ လေးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော မမေဘရဏီလွင်အောင်နှင့် မောင်မြတ်သာဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက သုံးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးတို့အားလည်းကောင်း ဆုများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟောင်းနွမ်းစုတ်ပြဲ ငွေစက္ကူများ မန္တလေးမြို့၌ လဲလှယ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲအနေဖြင့် မန္တလေးမြို့ရှိ အများပြည်သူများ လက်ဝယ်အသုံးပြုလျက်ရှိသည့် ဟောင်းနွမ်းစုတ်ပြဲ ငွေစက္ကူများ လျော့နည်းပပျောက်ရေးနှင့် ငွေစက္ကူအကြွေ အဆင်ပြေစေရန် ရည်ရွယ်၍ မြို့ပေါ်ရှိ အစိုးရဌာနဆိုင်ရာ ၃၁၉ ဌာနရှိ ဝန်ထမ်း ၄၆၈၁၂ ဦးအား မတ်လမှစတင်၍ ငွေစက္ကူအမျိုးအစား ကျပ် ၂၀၀၊ ကျပ် ၁၀၀ နှင့် ကျပ် ၅၀ တန်များကို တစ်ဦးလျှင် ရွက် ၂၀ နှုန်းစီဖြင့် လစဉ်လစာထုတ်ပေးရာ၌ ထည့်သွင်းထုတ်ပေးလျက်ရှိရာ ဇွန်လတွင် ဝန်ထမ်းတစ်ဦးလျှင် ကျပ် ၂၀၀ တန် တစ်အုပ်နှုန်းစီ တိုးမြှင့် ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် မန္တလေးမြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၊ (၂)နှင့် (၂၆×၈၂) လမ်းထောင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) အပေါ်ထပ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ ငွေစက္ကူလဲလှယ်ရေးကောင်တာတို့၌လည်း ရုံးဖွင့်ရက် ဘဏ်လုပ်ငန်းအချိန်အတွင်း၌လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)၌ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင်လည်းကောင်း ဟောင်းနွမ်းစုတ်ပြဲ ငွေစက္ကူများကို တန်ဖိုးတူ လဲလှယ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပလင်းတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၇-၂၀၁၁
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅	၃။	တရားတော်
၇:၁၅	၄။	ဓမ္မပူဇာတေး
၇:၂၀	၅။	မျိုးချစ်တပ်မတော်
၇:၂၅	၆။	မြန်မာ့ရှုခင်း
၇:၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၃:၁၅	၁။	မြဝတီအဖွင့်
၃:၂၀	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၃:၂၂	၃။	နိုင်ငံတော်သီချင်း
၃:၂၅	၄။	အဖွင့်သီချင်း
၃:၃၀	၅။	**2011 FIFA WOMEN' S World Cup(Germany) North Korea Vs Colombia (Delay)**
၅:၃၀	၆။	**သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ - ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၁၈)
၆:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၉။	**ရွှာ** ဟာသဇာတ်လမ်းတွဲ
၆:၄၅	၁၀။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၃၉)
၈:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	အမျိုးသားရေးတေးကဗျာ
	၁၄။	ဒို့တာဝန်အရေး(၃)ပါး
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	စိုက်ပျိုးသုတ
	၁၈။	သံစဉ်များနှင့်ကမ္ဘာ
	၁၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း -၁၈)
	၂၂။	ကမ္ဘာ့တစ်ခွင်ခရီးစဉ်

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ယာပုံ)** မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၃၁ ဦး ရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာသည်။

အစီအစဉ်အရ မွန်ပြည်နယ် ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်းသည့် ပြည်နယ်ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန် ကျောင်းသား ကျောင်းသူများအား တနင်္သာရီတိုင်းဒေသကြီး၌ ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၇

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ကျောင်းများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားနှင့် ပညာရေးအလှူငွေ ပေးအပ်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပညာရေးအလှူရှင်များ ဖြစ်ကြသည့် ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်၊ Max Myanmar ကုမ္ပဏီနှင့် မဟာအောင်မြင်သူ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးလှမျိုးတို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ယုဇန ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ဦးလှသန်းနှင့် ထူးထူးတိုး ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်တို့က ငွေကျပ် ၂၅ သိန်းစီ၊ ဖိုးသီးချို မီးလင်းရေးအဖွဲ့မှ ဦးအောင်နိုင်က ငွေကျပ်သိန်း ၂၀၊ ထားဝယ်မြို့ စက်လှေများအသင်းက ငွေကျပ် ၁၅ သိန်း၊ ထားဝယ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်လွင်က ငွေကျပ် ၁၀ သိန်း၊ စက်လှေလုပ်ငန်းရှင်များ ဖြစ်ကြသည့် ဦးအောင်ဝင်းနှင့် ဦးဟုန်နုတို့က ငွေကျပ် ငါးသိန်းစီ စုစုပေါင်း ငွေကျပ် ၄၅၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက် ၄၁ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် မြန်မာတစ်နိုင်ငံလုံး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အောင်ချက်အများဆုံး (ဒုတိယ)ရရှိသည်။ ငါးဘာသာ ဂုဏ်ထူးရရှိသူ သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၁၈ ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ၄၂ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၈၁ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၄၆၇ ဦး ဖြစ်သည်။ ဆုချီးမြှင့်သည့် အခမ်းအနားတွင် ဂုဏ်ထူးရရှိအောင်နှင့် အောင်ချက်မြင့်မားအောင် ကူညီသင်ကြားခဲ့ကြသည့် တက္ကသိုလ်နှစ်ခုမှ ပါမောက္ခချုပ်များ၊ အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်း၊ အောင်ချက် ၅၀ ရာခိုင်နှုန်း အထက်ရရှိသော ကျောင်း ၁၇ ကျောင်း၊ ဂုဏ်ထူးအများဆုံးရရှိသော ကျောင်းငါးကျောင်း၊ တန်းလုံးကျွတ်အောင်မြင်သော ကျောင်းလေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ် **(အပေါ်ပုံ)**၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

အခမ်းအနားတွင် ဂုဏ်ပြုဆု ချီးမြှင့်ငွေမှာ ငွေကျပ် ၄၅၅ သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ အောင်မြေသာစံမြို့နယ်၌ ပေးအပ်လှူဒါန်း

မန္တလေး ဇူလိုင် ၇

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ စည်သူ(မြန်မာ) ပညာရေးဖောင်ဒေးရှင်း ပညာဒါနအလှူရှင် ဒေါ်စန်းစန်းဦး (စိန်ဖြိုးမိသားစု)က အမှတ် ၁၂၊ ၃၇၊ ၃၈၊ ၄၀ အခြေခံပညာမူလတန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၈၆ ဦးတို့အတွက် ငွေကျပ် ၁၈၉၈၄၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ စာအုပ်နှင့်စာရေးကိရိယာများ၊ ကျောင်းစရိတ်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

အလားတူ အမှတ် (၂၁)အခြေခံပညာအထက်တန်းကျောင်း ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းနှင့် အမှတ် (၃၇) အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် နှစ်သိန်းသုံးသောင်းတန်ဖိုးရှိ စတီးလ်ရေတိုင်ကီတစ်လုံးတို့ကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** (ဝ၄ဝ)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၇-၇-၂၀၁၁

သစ်ပင်စိုက်ပျိုးပွဲ ဖားဆောင်းမြို့၌ကျင်းပ

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက် ၈ နာရီက ကယားပြည်နယ် ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံဝင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် မြို့နယ်သစ်တောဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၂၀ ကျော်က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အခမ်းအနားတွင် ကျွန်း ၂၅၀၊ ပျဉ်းကတိုး ၄၅၊ ယူကလစ် ၅၀၊ စိန်ပန်း ၆၅၊ တမာ ၂၅၊ မဲဇလီ ၃၅ စုစုပေါင်းအပင် ၄၇၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ထွေ/အုပ်)**

သစ်ပင်စိုက်ပျိုးပွဲ သနပ်ပင်မြို့၌ ကျင်းပ

သနပ်ပင်မြို့နယ် ၂၀၁၁-ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက ပဲခူး-သနပ်ပင်-ခရမ်းကားလမ်း လမ်းဘေးဝဲယာ၌ကျင်းပရာ သနပ်ပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်း **(အောက်ပုံ)**နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာန နယ်မြေတာဝန်ခံတောအုပ်ကြီး ဦးလှဝင်း၊ မြို့နယ်တာဝန်ခံတောအုပ်ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ယူကလစ်၊ ခရေ၊ ကုက္ကို၊ ပုန်းညက်၊ စိန်ပန်း၊ အော်ရီးရှား စုစုပေါင်း ၇၉၁ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ ကျိုက်လတ်မြို့၌ ကျင်းပ

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက ပန်းဘဲစုကျေးရွာ ရွာဝင်လမ်းဘေးဝဲယာနှင့် ကျေးရွာဘုန်းကြီးကျောင်းဝင်းအတွင်း၌ကျင်းပရာ ကျိုက်လတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ဖျာပုံမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်လင်း၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးကျော်ဇင်ဝေနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများအင်အား ၂၅၀ ဖြင့် စုပေါင်းစိုက်ပျိုးပေးကြသည်။ **(အောက်ပုံ)**

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ကျွန်း ၅၀၀၊ ယူကလစ် ၄၀၀၊ အော်ရီးရှား ၃၀၀ နှင့် ကုက္ကို ၁၅၀ စုစုပေါင်းအပင် ၁၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ ဘီးလင်းမြို့၌ကျင်းပ

သထုံခရိုင် ဘီးလင်းမြို့နယ် ၂၀၁၁ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက် ညနေ ၃ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဌေးလှိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်စိုက်ပျိုးခဲ့ကြသည်။

စိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၀၀၊ မဟော်ဂနီပင်၁၀၀၊ အော်ရီးရှားပင် ၂၀၀ နှင့် ယူကလစ်ပင် ၂၀၀ စုစုပေါင်း သစ်ပင် ၆၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းအတိုအထွာ

၇-၇-၂၀၁၁

မြတ်စေတနာပေါင်းစုတံတား ဘီးလင်း၌ဖွင့်

သထုံခရိုင် ဘီးလင်းမြို့နယ် အလူးကျေးရွာအုပ်စု အလူးလေးကျေးရွာ မြတ်စေတနာ ပေါင်းစုတံတားဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၈ နာရီက အဆိုပါ တံတားမုခ်ဦး၌ ကျင်းပသည်။ အဆိုပါတံတားကို အလူးလေးအလယ်ရွာ ဦးငွေသောင်း-ဒေါ်မချော မိသားစု၊ ဦးစန်းမောင်-ဒေါ်အေးမြိုင် မိသားစု၊ အနောက်ရွာလေးနေ ဦးစိုးတင့်- ဒေါ်မြရီ မိသားစုနှင့် ဦးချစ်ပို-ဒေါ်သန်း မိသားစုတို့က မတည်ကာ ကျေးရွာသူ ကျေးရွာသားများက စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ တံတားမှာ အလျား ၇၆ ပေ၊ အနံ ၉ ပေခွဲရှိပြီး စုစုပေါင်းငွေကျပ်သိန်း ၇၀ ခန့် ကုန်ကျခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဝင်ငွေခွန်ဥပဒေအကြောင်း နွားထိုးကြီး၌ရှင်းလင်း

ဝင်ငွေခွန်ဥပဒေနှင့် ကြေညာလွှာတင်သွင်းမှုဆိုင်ရာ အသိပေးရှင်းလင်းပွဲကို ဇွန် ၄ ရက် နံနက်က နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းကြိုင်က အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အခွန်ဝန်ထမ်းများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ ဟောပြောပွဲ မြင်းခြံ၌ကျင်းပ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက်က မြင်းခြံမြို့ အထက (၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြင့်ဝင်းကြည်က ယဉ်ကျေးလိမ္မာ သမီးရတနာအကြောင်းများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ အတွင်းရေးမှူး ဒေါ်သန်းသန်းလှက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ *(ခရိုင် ပြန်/ဆက်)*

ကျောင်းဆောင်သစ် ကျောက်ပန်းတောင်း၌ဖွင့်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မကျီးငုတ္တိုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အဆောက်အအုံဖွင့်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းအဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ စကားဝါမြေဖောင်ဒေးရှင်းအဖွဲ့မှ ဦးသောင်းညွန့်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်ရင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်တင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၄၁၈)**

လက်ပံတန်း၌ ကျန်းမာရေးပညာပေးဟောပြော

လက်ပံတန်းမြို့နယ် ခမုံကျေးရွာအုပ်စု အိုဖိုတန်ကျေးရွာတွင် ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို ဇွန် ၂၂ ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစန္ဒာမိုး၊ ခမုံတိုက်နယ်ဆရာဝန် ဒေါက်တာဝေလင်းဖိုလ်နှင့် ကျန်းမာရေးဝန်ထမ်းများက မိသားစုအတွင်းဖြစ်ပွားတတ်သော ကျန်းမာရေးဆိုင်ရာများ ဟောပြောကာ တက်ရောက်လာကြသည့် ကျေးလက်ပြည်သူများအား အခမဲ့ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ *(၀၉၈)*

တိရစ္ဆာန်ကျန်းမာရေးသင်တန်း မြစ်ကြီးနား၌ဖွင့်

မြစ်ကြီးနားမြို့နယ် နောင်နန်ကျေးရွာတွင် ဇွန် ၁၆ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် UNDP တို့ပူးပေါင်း၍ ကျေးလက်တိရစ္ဆာန် ကျန်းမာရေး အကူလုပ်သားသင်တန်းဖွင့်လှစ်ရာ သင်တန်းသား ၂၀ တက်ရောက်သည်။ အဆိုပါသင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ မရန်အောင်တူးက ဝက်နားရွက်ပြာရောဂါအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေး ကျိုင်းတုံမြို့နယ်၌ဟောပြော

ကျိုင်းတုံခရိုင်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်အုပ်စုမှ ကျေးရွာများသို့ ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများနှင့် ကုသရေးဆိုင်ရာ အသိပညာများကို ဇွန် ၈ ရက်မှ ၁၃ ရက်အထိ ကွင်းဆင်းဟောပြော ဆွေးနွေးကြပြီး ဝက်နားရွက်ပြာရောဂါအတွက် ပိုးသတ်ဆေးများ ဖြန်းဖြူးပေးခဲ့ကြောင်း သိရှိရသည်။ *(ခရိုင် ပြန်/ဆက်)*

စပါးတစ်ဧကတင်း ၁၀၀ အထက်ထွက်ရှိရေး ကန့်ဘလူ၌ ပညာပေးဟောပြော

ကန့်ဘလူ ဇူလိုင် ၇

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းမန်နေဂျာ ဦးသိန်းဝင်း၊ ရွှေဘိုခရိုင်မန်နေဂျာ ဦးဝင်းမြင့်နှင့် ပညာပေးအဖွဲ့က စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ကို ပညာပေးဟောပြောကြသည်။ ထို့နောက် တောင်သူများ သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကာ ဆုရတောင်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား " Exchange Visit of ASEAN- Korea Media People 2011'' အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လေ့လာရေးခရီး ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍဆိုင်ရာ မီဒီယာလုပ်ငန်းများ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီးအမြင်ချင်း ဖလှယ်ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

မေးမြန်းဆွေးနွေး

ထို့အတူ ကိုရီးယားသမ္မတနိုင်ငံမှ မီဒီယာအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် လည်းကောင်း သွားရောက်တွေ့ဆုံပြီး အာဆီယံရေးရာ ကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး လုပ်ငန်းတို့နှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၅	၇။	ကြေးမုံရိပ်သွင်တေးနယည်
၈း၃၀	၈။	ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၅	၄။	နှောင်းခေတ်တေးပဒေသာ
၄း၃၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၈။	တေးဂီတအစီအစဉ်
၅း၃၀	၉။	ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၈)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**လျှပ်တစ်ပြက်ဟာသများ**
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၂)
	၁၉။	သီချင်းချစ်သူ အထူးအစီအစဉ် (အပိုင်း-၆)
	၂၀။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်မြို့နယ်ရှိ သမဝါယမအသင်းများမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန် စုပေါင်းပေးအပ်ပွဲကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်ပုလဲတင်က ဝင်ငွေခွန်ကို လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်သောင်းဦး ထံပေးအပ်စဉ်။ (၁၂၂)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အိန္ဒိယ၌ ရထားနှင့်ကားတိုက် ၃၁ ဦးသေဆုံး၊ ၃၀ ကျော်ဒဏ်ရာရ

နယူးဒေလီ ဇူလိုင် ၇

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် မြောက်ပိုင်းတွင် ဇူလိုင် ၇ရက် နံနက်က မြန်နှုန်းမြင့် မောင်းနှင်လာသော ရထားတစ်စင်းနှင့် ဘတ်စ်ကား တစ်စီးတို့ တိုက်မိခဲ့ရာ ခရီးသည် ၃၁ ဦးသေဆုံးပြီး ၃၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။ (ဝဲပုံ)

ဖြစ်ပွား

ဖြစ်ပွားမှုမှာ ခန့်ရှီရမ်နာဂျာခရိုင်အတွင်း ကျင်းပသော မင်္ဂလာဆောင်ပွဲသို့ တက်ရောက်မည့်လူ ၈၀ခန့်တင်ဆောင်လာသော ဘတ်စ်ကားနှင့် ချပ်ပာပရာမာသူရာအမည်ရှိ အမြန်ရထားတို့သည် သာနာဂါအွန်မြို့အနီး ရထားလမ်းနှင့် ကားလမ်း ဖြတ်နေရာ၌ ဇူလိုင် ၇ ရက် နံနက် ၂ နာရီခန့်က တိုက်မိခဲ့ခြင်းဖြစ်သည်။

တင်ပို့ပေး

သေဆုံး ဒဏ်ရာရရှိသူအများစုမှာ ဘတ်စ်ကားမှဖြစ်ပြီး ဒဏ်ရာရသူများအား ဆေးရုံသို့တင်ပို့ပေးထားကြောင်း ဆင်ဟွာသတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပစ်ခတ်မှုသတင်းကြောင့် အဝေးပြေးလမ်းပိတ်ခဲ့ရ

ဝါရှင်တန် ဇူလိုင် ၇

အမေရိကန်နိုင်ငံ မာရီလန်းပြည်နယ်ရှိ ဘယ်တီမို-ဝါရှင်တန်အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် မော်တော်ယာဉ်များ ပစ်ခတ်တိုက်ခိုက်ခံရမှုသတင်းများကြောင့် ၎င်းအဝေးပြေးလမ်းမကြီးကို ပြည်နယ်ရဲတပ်ဖွဲ့က ဇူလိုင် ၆ ရက်၌ ပိတ်ထားလိုက်ကြောင်း ဒေသဆိုင်ရာ ဒဗလျူဘီအေတီရုပ်မြင်သံကြားသတင်းဌာနက ဇူလိုင် ၇ ရက်၌ သတင်းထုတ်ပြန်သည်။

လိုက်လံပစ်ခတ်

အဆိုပါအဝေးပြေးကားလမ်းမကြီး၏နေရာအချို့ကို ရဲတပ်ဖွဲ့က ပိတ်ဆို့ထားလိုက်ပြီး သေနတ်သမားအား ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ ၎င်းသေနတ်သမားသည် အသက် ၅၀ နှင့် ၆၀ အကြားရှိပြီး အပြာရောင်ဂျင်းဘောင်းဘီ၊ အနီရောင်ဖလန်နယ်ရှပ်အင်္ကျီနှင့် အပေါ်ရုံအနက်ရောင်အင်္ကျီတို့ကိုဝတ်ဆင်ကာ ပြောင်းရှည်သေနတ်ဖြင့် လိုက်လံပစ်ခတ်နေကြောင်း ရဲတပ်ဖွဲ့ထံ သတင်းပေးချက်အရ လမ်းပိတ်ကာ ရှာဖွေမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

တရုတ်ကျောက်မီးသွေးတွင်း မီးလောင် မိုင်းလုပ်သား ၃၆ ဦးပိတ်မိနေ

ပေကျင်း ဇူလိုင် ၇

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်တွင် ကျောက်မီးသွေးတွင်းတစ်တွင်း ဇူလိုင် ၆ ရက် ညက မီးလောင်မှုဖြစ်ပွားရာ မိုင်းလုပ်သား ၃၆ ဦး မြေအောက်၌ ပိတ်မိနေကြောင်း တရုတ်နိုင်ငံအလုပ်သမားများ လုံခြုံမှုစီမံခန့်ခွဲရေးဌာနက ဇူလိုင် ၇ရက်၌ သတင်းထုတ်ပြန်သည်။

မီးလောင်

၎င်းမိုင်းလုပ်သား ၃၆ ဦးမှာ ကျောက်မီးသွေးတွင်း၏ မြေအောက် ၂၂၅ မီတာ အနက်၌ လုပ်ငန်းခွင်ဝင်ရောက်နေကြစဉ် ဇူလိုင် ၆ ရက် ညနေ ၆ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ *(အပေါ်ပုံ)* *(အင်တာနက်)*

ဘင်္ဂလားဒေ့ရှ်၌ ကူးတို့ယာဉ်နစ်မြုပ် ခုနစ်ဦးသေဆုံး၊ အချို့ပျောက်ဆုံး

ဒါကာ ဇူလိုင် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နာရာယန်ဂန်ခရိုင်ရှိ ဆီတာလာခယာမြစ်အတွင်း ဇူလိုင် ၆ ရက်က ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ဇူလိုင် ၇ ရက်၌ ပြောကြားသည်။

နစ်မြုပ်ခဲ့

ဖြစ်ပွားမှုမှာ ခရီးသည် ၅၀ ကျော်တင်ဆောင်လာသော ၎င်းကူးတို့ယာဉ်သည် ဒါကာမြို့အရှေ့တောင်ဘက် ၁၇ ကီလိုမီတာအကွာ ဆီတာလာခယာမြစ်အတွင်း ရေနံတင်သင်္ဘောကြီးတစ်စင်းမှ ဖြစ်ပေါ်လာသည့် ရေလှိုင်းများ ၏ ရိုက်ပုတ်မှုကြောင့် ဇူလိုင် ၇ ရက် ည ၇ နာရီခန့်က တိမ်းစောင်းနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ***(အောက်ပုံ)***

(အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ

မျိုးမင်းဟိန်း(သတင်းအတတ်ပညာ) – စုစည်းသည်

အသေးစားကြိုးမဲ့ကီးဘုတ် ဟောင်ကောင်တွင်ပြသ

ဟောင်ကောင် ဇူလိုင် ၇

အကြွေးဝယ်ကတ်ပြားအရွယ်ခန့်သာရှိသော ကြိုးမဲ့ကီးဘုတ် အသေးစားတစ်ခုကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်ရှိ ကုမ္ပဏီတစ်ခုမှ ထုတ်လုပ်ခဲ့ပြီး ဟောင်ကောင်ကုန်စည်ပြပွဲတွင် ဇွန် ၆ ရက်က စတင်ပြသခဲ့သည်။ (အပေါ်ပုံ)

ယင်းကီးဘုတ်ငယ်တွင် မောက်စ်၊ လေဆာဘောပင်၊ လက်ဖြင့်အထိအတွေ့ခံစနစ်နှင့် အဝေးထိန်းခလုတ်စသည့် လုပ်ဆောင်ချက်များ ပါဝင်သည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တာလီဘန်တို့ တိုက်ခိုက်မှုကြောင့် နှစ်ရက်အတွင်း ၇၈ ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နယ်စပ်ရှိ နူရီစတန်ပြည်နယ်၌ တာလီဘန်တို့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူဦးရေ ၇၈ ဦး သေဆုံးခဲ့သည်ဟု ပြည်နယ်အစိုးရတာဝန်ရှိသူများက ဇူလိုင် ၆ ရက်၌ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်ရက်အတွင်း အဆိုပါနယ်စပ်ဒေသတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နယ်စပ်လုံခြုံရေး ရဲတပ်ဖွဲ့ဝင် ၃၃ ဦးခန့် သေဆုံးခဲ့ရကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း အကြမ်းဖက်သမား ၄၀ နှင့် အရပ်သားငါးဦးသေဆုံးခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျာမာလုဒင်ဘာဂါက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘရာဇီးနိုင်ငံ၌ နှစ်လအတွင်း လက်နက် ၉၁၆၀ သိမ်းဆည်းရမိ

ဘရာဆီးလီးယား ဇူလိုင် ၇

ဘရာဇီးနိုင်ငံ၏ အမျိုးသားလက်နက်ဖျက်သိမ်းရေး လှုပ်ရှားမှုတွင် နှစ်လအတွင်း လက်နက်မျိုးစုံ ၉၁၆၀ နှင့် ကျည်ဆန်၊ ခဲယမ်း ၃၀၉၀၀ ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း တရားရေးဝန်ကြီးဌာနက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

အဆိုပါသိမ်းဆည်းရမိသော လက်နက်များတွင် အရည်အသွေးမြင့်သေနတ်များ၊ ခြောက်လုံးပြူးများ၊ ရိုင်ဖယ်သေနတ်၊ စက်သေနတ်များပါဝင်သည်ဟု အင်တာနက်သတင်းတစ်ရပ်တွင် ဇူလိုင် ၇ ရက်က ဖော်ပြသည်။ (အင်တာနက်)

သံအမတ်ကြီး ဦးတင်ဦးအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများ အပြင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာနှင့် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များ အား ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nabuko Horibe နှင့် ဌာနေကိုယ်စား လှယ်Mr. Mohamed Abdel -Ahad တို့ လာရောက်တွေ့ဆုံ စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား UNFPA မှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nabuko Horibe နှင့် ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad တို့သည် ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေးညှိနှိုင်း

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒေါက်တာမင်းကိုကိုက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်များအကြောင်းကို ရှင်းလင်းပြောကြားကာ ဧည့်သည်တော်များနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ရင်းနှီးခင်မင်စွာ ဆွေးနွေးညှိနှိုင်းကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်အဖွဲ့သည် ခန်းမအတွင်းပြသထားသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

လူဦးရေသန်းခုနစ်ထောင်ရဲ့ဝန်တာ၊ ထမ်းဆောင်နေတဲ့ ဒို့ရဲ့ကမ္ဘာ

The world at 7 Billion

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

ဘားအံနှင့် မြောင်းမြအကျဉ်းထောင်တို့၌ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ICRC အဖွဲ့ ကွင်းဆင်းလေ့လာ

နေပြည်တော် ဇူလိုင် ၇

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနနှင့် ICRC ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ICRC လေ့လာရေးအဖွဲ့သည် ဇူလိုင် ၂ ရက်တွင် ဘားအံအကျဉ်းထောင်သို့ ဆက်လက်ကွင်းဆင်းလေ့လာကြသည်။ ICRC မှ Water and habitat Engineer ဆွစ်ဇာလန်နိုင်ငံသား Mr.Eric Weissen နှင့် ကွင်းဆင်းအရာရှိနှစ်ဦးတို့အား အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက အကျဉ်းထောင်အတွင်း ရေနှင့်မိလ္လာစနစ်ဆိုင်ရာ အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါ ICRC လေ့လာရေးအဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ဘားအံအကျဉ်းထောင်၌ လက်ရှိအသုံးပြုလျက်ရှိသော ရေလှောင်တမံတွင် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ မြေနေရာအနိမ့်အမြင့် တိုင်းတာခြင်းနှင့် ရေစစ်ကန်တည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုလေ့လာပြီး ရေ၊ မိလ္လာစနစ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ရှင်းလင်းပြသ

အလားတူ ၎င်းလေ့လာရေးအဖွဲ့သည် ဇူလိုင် ၅ ရက်တွင် မြောင်းမြအကျဉ်းထောင်အတွင်း ရေဖြန့်ဝေလျက်ရှိသည့် ရေစက်ကြီး၊ အမှတ်(၂)နှင့် အမှတ်(၃)အိပ်ဆောင်၊ အမျိုးသမီးဆောင်၊ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) သီးခြားတိုက်များရှိ ရေကန်များ၊ **(အောက်ပုံ)** မိလ္လာခန်းများ၊ မီးဖိုကြီးနေရာများသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ အကျဉ်းဦးစီးဌာန (ဧရာဝတီတိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ရေရရှိမှု၊ သုံးစွဲမှုနှင့် မိလ္လာစနစ်အခြေအနေတို့ကို လိုက်လံရှင်းလင်း ပြသခဲ့သည်။

ICRC အဖွဲ့အနေဖြင့် မြောင်းမြ၊ ဘားအံနှင့်မော်လမြိုင် အကျဉ်းထောင်သုံးခု၌ ရေ၊ မိလ္လာစနစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး ရေတင်သည့်စနစ်များ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လာမည့်စက်တင်ဘာတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ အဆင်ပြေပါက ရေ၊ မိလ္လာစနစ် ပံ့ပိုးမှုလိုအပ်သော အခြား အကျဉ်းထောင်များတွင်လည်း နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဩဃလေးဖြာကူးမြောက်ပါ** တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံ ဆရာတော်)]
၆:၄၅ ဖူးမည်အမှန်..ထူးမည်ဧကန်... မာရ်ငါးမာရ်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၅၈)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (ဇာတ်သိမ်းပိုင်း)
၈:၅၀ 7 Diamonds Live Show (Part-5)
၉:၄၅ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလှဲ) (အပိုင်း-၂)
၁၀:၁၀ သားတော်များစေတီတော် ထီးတော်တင်လှူပွဲတော်
၁၀:၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၄၀ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ နုဂ္ဂဟအသင်းနှင့် တွေ့ဆုံခြင်း
၁၀:၅၅ ရန်ကုန်မြင်ကွင်းကျယ် [(၇) နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မြိုင်သီလရှင်စာသင်တိုက်)]
၁၁:၁၅ ဒီပဲယင်းမြို့နယ်အသင်း (ရန်ကုန်)၏ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲ
၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Ps Business School ၏ Press Summer School 2011 Closing Ceremony)
၁၁:၅၀ ဦးခိုက်ပူဇော် လှူဒါန်းကြစေသော် ဘူမိဖသသတ္တပူဇာရုပ်ပွားတော်နှင့် ရှင်စောမြတ်စေတီတော်
၁၂:၁၅ သာသနာ့အမွေခံယူ ရှင်ပြုအလှူ
၁၂:၂၅ မိုးစက်ချစ်သူကျောင်းပေါင်းစုံ ကလေးသီချင်းဆိုပြိုင်ပွဲ
၁၂:၄၅ ကြည်ညိုဖွယ် ပါဒသမိုင်းဝင် ရှေးဟောင်း ကျိုက်သာမည် (ယခု-ကျိုက္ကမီ)စေတီတော်
၁:၀၀ **ဩဃလေးဖြာကူးမြောက်ပါ** တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံ ဆရာတော်)]
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၅၈)
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (ဇာတ်သိမ်းပိုင်း)
၅:၀၀ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (ဓာတုဗေဒ) (အပိုင်း-၁)
၅:၂၀ The Champion of Dance
၆:၀၀ MRTV -4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၅၉)
၇:၁၀ 7 Diamonds Live Show (Part-6)
၈:၀၀ MRTV -4 သတင်း
၈:၃၀ ပုသိမ်မြို့ ပါတလိ အမှတ် (၁၂) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ
၈:၄၀ VJ Choice
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁)
၁၀:၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာတစ်ယောက်ရဲ့ ခံစားမှု) (အပိုင်း-၂)
၁၀:၄၅ ချစ်ခင်ဖွယ်စိတ်ထားများနှင့် မြစ်သားမြို့သူ မြို့သားများ
၁၀:၅၅ ဂီတသရုပ်ပြခန်း (မင်းထက်မောင်မောင်ရဲ့ ဖွင့်ပြောပြီ တေးစီးရီး)
၁၁:၁၅ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁၁:၃၀ တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (ဓာတုဗေဒ) (အပိုင်း-၂)
၁၁:၄၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၂:၀၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် မင်းမော်ကွန်းနှင့် တွေ့ဆုံခြင်း)
၁၂:၃၀ Living on Water
၁:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
၁:၃၀ World of Knowledge (Ultimate Disaster TORNADO)
၂:၂၀ ရေဆန်စီးတဲ့မြစ်
၂:၅၀ စဉ်ဆက်မပြတ် ထိန်းသိမ်းစရာ မြန်မာ့ရိုးရာ ဂီတပညာ
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားခြင်း
၄:၂၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၄:၄၅ သာသနာပျိုးခင်း
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြံခင်း စည်ပင်သာယာ ရေမြောင်းများတူးဖော်

ကြံခင်း ဇူလိုင် ၇

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများ ဇွန် ၂၀ ရက်က မြို့မဈေးပတ်လည် ဘုရင့်လမ်းဘေးရှိ ရေမြောင်းများ တူးဖော်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမင်းဇော် ကြီးကြပ်ဆောင်ရွက်ကြောင်းသိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်က Effective Working Capital Management ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၂၇ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ်-၁/၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများ အနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မောင်းမကန်ကမ်းသာလမ်းနှင့်ရောဝတ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

မောင်းမကန်ကမ်းသာလမ်းနှင့် ရောဝဏ်လမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက်နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မောင်းမကန် ကမ်းသာလမ်းမုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်နှင့် တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးကျော်စိုးတို့ကကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** လမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုကြသည်။

သွားလာနိုင်ပြီ

ယခုဖွင့်လှစ်သော မောင်းမကန် ကမ်းသာလမ်းသည် အရှည်ပေ ၁၁၈၀၀၊ အကျယ် ၄၈ ပေရှိပြီး ရောဝဏ်လမ်းသည် အရှည်ပေ ၄၂၀၀၊ အကျယ် ၂၄ ပေရှိကာ ကွန်ကရစ် လမ်းများအဖြစ် လမ်းသားမြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလမ်းများသည် ကမ်းနားလမ်းသစ်နှင့် အမှတ်(၂)လမ်းမကြီးတို့ကို ဆက်စပ်ပေးသည့် လမ်းအပိုင်းတွင် ပါဝင်သော လမ်းများဖြစ်ကြောင်း၊ ယခုကဲ့သို့ ကွန်ကရစ်ဖြင့် လမ်းသားမြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကုန်တင်ယာဉ်များနှင့်အခြား ယာဉ်ကြီးများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်

ဝေါ ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၅ ရက် နံနက်က ဝေါမြို့ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးရန်ကင်း (ဒု-ဦးစီးမှူး)၊ ပဲခူးငါးလုပ်ငန်းစခန်းတာဝန်ခံဦးစိုးပိုင်၊ ပဲခူးခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အင်းလုပ်ငန်းရှင်များက စုပေါင်း ငါးမျိုးစိုက်ထည့်ကြသည်။ **(ဝဲပုံ)**

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်း ငါးသားပေါက်(ငါးသန်) ကောင်ရေ စုစုပေါင်း ငါးသိန်း စိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ညောင်ရွှေ၌ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဇူလိုင် ၇

ညောင်ရွှေမြို့နယ် မြို့မမင်္ဂလာဈေးကြီးအတွင်း ရောင်းချသော စားသောက်ကုန်ပစ္စည်းများတွင် ဆိုးဆေးများပါဝင်မှု ရှိ မရှိနှင့် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိမရှိတို့ကို ဇွန် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်ကျန်းမာရေးမှူးနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးတို့က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်း အသုံးစရိတ်လုပ်ငန်းဖြစ်သည့် အောင်ချမ်းသာကျေးရွာ နှစ်လက်မစက်ရေတွင်းတူးဖော်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် အမှုဆောင်အရာရှိ ဦးနေမင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမင်းဇော်ဟန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့၌ အမှိုက်များရှင်းလင်း

စလင်း ဇူလိုင် ၇

စလင်းမြို့ ပေါင်းနားရပ်ကွက် တောင်သီရိမင်္ဂလာ ၃ လမ်းတစ်လျှောက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ပေါင်းနားရပ်ကွက်နေ ပြည်သူများ ပူးပေါင်း၍ အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းဆယ်ခြင်း လုပ်ငန်းများကို ဇွန် ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဒေါ်ရင်ရင်ရွှေ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ယာဉ်အန္တရာယ်ကင်းရှင်းရေး လားရှိုး၌ကွင်းဆင်းစစ်ဆေး

လားရှိုး ဇူလိုင် ၇

လားရှိုးမြို့ မန်ဆူအဝေးပြေးယာဉ်ရပ်နားစခန်းတွင် မေ ၃၀ ရက်က လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးထွန်းမြင့် ဦးဆောင်၍ မော်တော်ယာဉ်လိုင်း ပေါင်းစုံထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဦးအောင်ကြည်၊ ဦးမျိုးညွန့်တို့နှင့် အဖွဲ့ဝင်များသည် လားရှိုးမှ မန္တလေးနှင့် နေပြည်တော်သို့ ခရီးသည်တင်ပြေးဆွဲမည့် ရထား၊ တက်နေထွန်း၊ ဓူဝံ၊ အားသစ်၊ ငြိမ်းချမ်းနှင့် ကြယ်တံခွန်မော်တော်ယာဉ်အသင်းများကို ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ မရှိတို့ကို ရှောင်တခင် စစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

ထို့နောက် အဆိုပါအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ရေး အိမ်မဲ၌ ပိုးသတ်ဆေးဖျန်းခြင်းသရုပ်ပြ

အိမ်မဲ ဇူလိုင် ၇

မြောင်းမြခရိုင် အိမ်မဲမြို့တွင် ဇွန် ၁၈ ရက်က ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာတင်မောင်အေး နှင့် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာသန်းဌေးတို့ ဦးဆောင်၍ ဝက်နားရွက်ပြာရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းသရုပ်ပြပွဲကျင်း ပသည်။

အခမ်းအနားတွင် အိမ်မဲမြို့ပေါ် ငါးရပ်ကွက်နှင့် ရေသိုးညောင်ဝိုင်းကျေးရွာ၊ တကောကျေးရွာနှင့် ကန်ကြီးဒေါင့်ကုန်းကျေးရွာအုပ်စုတို့မှ ဝက်နားရွက်ပြာရောဂါ ထိန်းချုပ်ရေးအဖွဲ့ ရှစ်ဖွဲ့အား ဝက်နားရွက်ပြာရောဂါကို အန္တရာယ်ကင်းရှင်း၍ ထိရောက်သော ပိုးသတ်ဆေးဖျန်းနည်း လေ့ကျင့် သရုပ်ပြပေးခဲ့ပြီး ဝက်ခြံပေါင်း ၇၅ ခြံကို ပိုးသတ်ဆေးဖျန်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

နေပြည်တော် ဇူလိုင် ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံ ပြိုင်ပွဲနှင့် ဖိတ်ခေါ် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။

ယမန်နေ့မှ အဆက်

စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်/ကောလိပ် အဆင့်တွင် ပထမဆု မခင်သူသူဝင်း ပထမနှစ် (အင်္ဂလိပ်စာ၊ ဂုဏ်ထူးတန်း) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဒုတိယဆု မဆုမွန်ဦး စတုတ္ထနှစ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း နေပြည်တော်၊ တတိယဆု နမ့်သဇင်ထွန်း၊ ပထမနှစ် သိပ္ပံတန်းခွဲ(၂)ပုသိမ်ပညာရေးကောလိပ်၊ အထူးဆု-၁ မစံပယ်ဖြူထွန်း MRES မ-၁ လားရှိုးတက္ကသိုလ်၊ အထူးဆု-၂ မောင်ဘိုဘိုကျော် ဒုတိယနှစ် မဟာသတ္တဗေဒ မြိတ်တက္ကသိုလ်၊ အထူးဆု-၃ မယုနန္ဒာလင်း DTEC (A) မော်လမြိုင်၊ ပညာရေးကောလိပ်၊ အထူးဆု-၄ မရွှေဝတ်မှုံဖူး၊ ဒုတိယနှစ် B.Tech (Civil)၊ နည်းပညာတက္ကသိုလ် ကယားပြည်နယ်၊ အထူးဆု-၅ မစန္ဒာအောင် တတိယနှစ် (သူနာပြု) သူနာပြု/ သားဖွားသင်တန်းကျောင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆု မောင်ရဲလင်းအောင် န၀မတန်း အထက(၆) တောင်ကြီး၊ ဒုတိယဆု မယွန်းမှီမှီဆင့် အဌမတန်း အလက (၃) မြိတ်၊ တတိယဆု မရတနာသွန်းဖြိုး အဌမတန်း အထက(၅) ပြည် ပဲခူး (အနောက်)၊ အထူးဆု-၁ မလှမိုးတာရာလှိုင် န၀မတန်း အထက(၂) စစ်တွေ၊ အထူးဆု-၂ မငြိမ်းငြိမ်းထူး ဒသမတန်း အထက(၄) ဘားအံ၊ အထူးဆု-၃ မသီတာလှိုင် အဌမတန်း အထက(၆) လားရှိုး၊ အထူးဆု-၄ မအေးချမ်းမော် န၀မတန်း အထက(၂)ရန်ကင်း၊ အထူးဆု-၅ မထိုက်သဥ္ဇာအောင် န၀မတန်း အထက(၁) မြစ်ကြီးနားတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု မလှိုင်ရတနာထွန်း သတ္တမတန်း အလက(၃) မြစ်ကြီးနား၊ ဒုတိယဆု မယဉ်မင်းလှိုင် သတ္တမတန်း အထက(၆) ပုသိမ်၊ တတိယဆု မဆုရည်ထက် သတ္တမတန်း အထက(၁) လှိုင်ကော်၊ အထူးဆု-၁ မထက်ဝတီအောင် သတ္တမတန်း အထက(၁) မြိတ်၊ အထူးဆု-၂ မနန်းလင်းလဲ့ဦး သတ္တမတန်း အလက (၁) ကန်နား ပျဉ်းမနား၊ အထူးဆု-၃ မညာဏ်ဒိတ်လွန်း ဆဌမတန်း အလက (၃) ကျိုင်းတုံ၊ အထူးဆု-၄ မယွန်းပွင့်သူ သတ္တမတန်း အထက(၅) ပြည် ပဲခူး (အနောက်)၊ အထူးဆု-၅ မဆုရတီကို သတ္တမတန်း အထက(၅) လားရှိုးတို့က ရရှိကြသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု မယမင်းဝင်းလှိုင် အရှေ့ ရန်ကင်း၊ ဒုတိယဆု ထွန်းထွန်းလင်း ဗဟန်းမြို့နယ်၊ တတိယဆု ရီရီရွှေ ပုသိမ်ကြီးမြို့နယ်၊ အထူးဆု-၁ ခွန်းချိုသာလှိုင်(သီလဝမြေ) ရမည်းသင်းမြို့၊ အထူးဆု-၂ မာလာဝင်း လှိုင်သာယာ၊ အထူးဆု-၃ ဇော်ဇော်ထွန်း စမ်းချောင်းမြို့နယ်၊ အထူးဆု-၄ လှိုင်သန်းတင့် (ရွှေပန်းချီ) ရမည်းသင်းမြို့၊ အထူးဆု-၅ ရီရီရွှေ ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးတို့က ရရှိကြသည်။

ဖိတ်ခေါ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု ဒေါ်ခိုင်ခိုင်စိုး(သန်လျင်) သန်လျင်မြို့၊ ဒုတိယဆု ဒေါ်ယဉ်ယဉ်ဆွေ ရန်ကင်းပညာရေးကောလိပ်အရာရှိရိပ်သာ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆု မနုထက်ထက်လွင် စမ်းချောင်းမြို့နယ်၊ အထူးဆု-၁ ဦးကြည်ထွန်း (လူမှုဝန်ထမ်း) နေပြည်တော်၊ အထူးဆု-၂ ဒေါ်မြင့်မြင့်သန်း တောင်ကြီးမြို့၊ အထူးဆု-၃ ဒေါ်သီသီနွယ် နေပြည်တော်၊ အထူးဆု-၄ ဒေါက်တာ ခင်ချောစုကြည် ကျောက်မြောင်း၊ အထူးဆု-၅ ဦးတင်ထွန်း ပြင်ဦးလွင်မြို့တို့က ရရှိကြသည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင် ၁၁ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနား၌ ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ဇူလိုင် ၉ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် ပတ်စ်ပို့ဓာတ်ပုံသုံးပုံနှင့်အတူ လာရောက် သတင်းပေးပို့ကြရမည်ဖြစ်သည်။ တိုက်ရိုက်လာကြမည့်သူများသည် နေပြည်တော်ကောင်စီ မြို့တော်စည်ပင်သာယာရေး တည်းခိုဆောင်သို့ ဇူလိုင် ၉ ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်သည်။ အစမ်းလေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၀၆၇၊ ၀၆၇-၄၁၁၃၇၇ တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ် ဆောင်းပါးပြိုင်ပွဲအထူးဆုရရှိသူများသည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများရှိ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများ၌ ဆုများကို လက်ခံရယူရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတောင်ကြီး၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သံတောင်ကြီး ဇူလိုင် ၇

သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီခွဲက ရွှေညောင်ပင်ကျေးရွာ၌ ကျင်းပရာ သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးဦးစောခူးရီ တက်ရောက် အမှာစကားပြောကြားပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး စန်းဝင်းနှင့် မြို့နယ် သစ်တောဦးစီးအရာရှိ ဦးပေါ်မောင်တို့က စိုက်ပျိုးရန် အပင်များကိုတက်ရောက်လာသူများအား ပေးအပ်ကာ မဟော်ဂနီနှင့် ပျဉ်းကတိုးပင်များကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ထို့နောက် တက်ရောက်လာကြသူများက ကျွန်း ၁၀၀၀၊ ပျဉ်းကတိုး ၅၀၀၊ မဟော်ဂနီ ၄၀၀နှင့် ယမနေ ၁၀၀ စုစုပေါင်း အပင် ၂၀၀၀ ကို စိုက်ပျိုးကြသည်။

(မြို့နယ်သစ်တော)

8-7 (07).pmd 1 7/8/2011, 1:54 AM

◆ ရှေ့ဖုံးမှ

တန်ဖိုးမြင့် ထုတ်ကုန်ချောအဆင့်အထိ ထုတ်လုပ်ပြီး ဈေးကွက်သို့ ဈေးကောင်းရအောင် တွက်ခြေကိုက်သည့် ဈေးနှုန်းမြင့် ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ရန်ဟူသည့် နည်းလမ်းများကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်တို့ကို အပြည့်အဝ ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ကောင်စီနယ်မြေအတွင်း လေ့လာတွေ့ရှိ မှတ်သားခဲ့ရသည့်အချက်များကို မိမိတို့နယ်မြေဒေသ ကျေးရွာအသီးသီးသို့ ပြန်လည်ရောက်ရှိချိန်တွင် ဒေသ၏ အခြေအနေနှင့်ကိုက်ညီစွာ လက်တွေ့ ပြန်လည်အသုံးချခြင်းအားဖြင့် ကျေးရွာအသီးသီး၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန်နှင့် ကျေးလက်မှ တစ်နိုင်ငံလုံးအထိ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တက်ညီလက်ညီ လုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ခင်းကျင်းပြသ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့နှင့်အတူ မွန်ပြည်နယ် တိုင်းရင်းသားလေ့လာရေးအဖွဲ့အား တစ်ဧက တန် ၆၀ အထက်ထွက်ရှိမည့် ကြံစိုက်ခင်း၊ တစ်ဧက စပါးတင်း ၂၀၀ အထက်ထွက်ရှိမည့် သိပ္ပံနည်းကျ အထူးအထွက်တိုး စပါးမျိုးစိုက်ခင်းနှင့် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ခင်းကျင်းပြသထားသည့် ထွန်စက်များ၊ ကောက်စိုက်စက်၊ ရိတ်သိမ်းစက်နှင့် ခြွေလှေ့စက်များကို လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် မွန်ပြည်နယ် တိုင်းရင်းသား လေ့လာရေးအဖွဲ့သည် နေပြည်တော်တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေး သုတေသနခြံသို့ ရောက်ရှိပြီး တစ်ဧကလျှင် တင်း ၅၀ ထွက်ရှိ၍ ဆီပိဿာ ၂၀၀ ကျော် ထွက်ရှိနိုင်သည့် ရေဆင်းစပ်မျိုး နေကြာတစ်မျိုး ရရှိရေးအတွက် မျိုးစပ်ထုတ်လုပ်နေမှု စိုက်ခင်းကိုလည်းကောင်း၊ တစ်ကြိမ်တည်း ရိတ်သိမ်းနိုင်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် ပဲတီစိမ်း ရေဆင်း ၁၁မျိုးများ မျိုးသန့်ပွားနေသည့် စိုက်ခင်းနှင့် ရေဆင်း(၁၁) ပဲတီစိမ်းမျိုး၏ ဖြစ်ထွန်းအောင်မြင်မှုကို လည်းကောင်း၊ တစ်ဧကလျှင် တင်း ၁၂၀ အထက် ထွက်ရှိမည့် စပ်မျိုးပြောင်းများ မျိုးစပ်ပွားများနေသည့် စိုက်ခင်းကိုလည်းကောင်း စိတ်ဝင်တစား ကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

စိုက်ပျိုးပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး ပရဝဏ်အတွင်း၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးများက စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စိုက်ပျိုးထားသော စိန်တစ်လုံးသရက်၊ ပိန္နဲ၊ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် တမာပင် စုစုပေါင်း အပင် ၄၅၀ အား စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၀၆ ခုနှစ်မှစ၍ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပလာခဲ့ရာ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိ သီးပင်စားပင်များ၊ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များ စုစုပေါင်း အပင် ၄၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေး တိုင်းရင်းသားလေ့လာရေးအဖွဲ့ နေပြည်တော် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနခြံ၌ စပ်မျိုးပြောင်းများ မျိုးစပ်ပွားများနေသည့် စိုက်ခင်းတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

၂၀၁၁ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ဟိုတယ်ဘာသာရပ်ဆိုင်ရာသင်တန်း ပုဂံမြို့၌ဖွင့်မည်

နေပြည်တော် ဇူလိုင် ၇

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်ဖွင့်လှစ်မည့် ဟိုတယ်ဘာသာရပ်ဆိုင်ရာ သင်တန်းလေးမျိုးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ပုဂံမြို့ရွှေနန်းတော်ဟိုတယ် ခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် အာဆီယံနိုင်ငံများက သတ်မှတ်ထားသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုစံချိန်စံညွှန်းများနှင့်အညီ သင်ရိုးညွှန်းတမ်းများကို ပုဂ္ဂလိက သင်တန်းကျောင်းများ၌ တစ်ပြေးညီ သင်ကြားပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အာဆီယံနိုင်ငံများအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ သင်ကြားပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပုဂံဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးဇော်ဝိတ်က ဟိုတယ်သင်တန်းလေးမျိုး ဖွင့်လှစ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဟိုတယ် လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သုံ့လေအားနည်းနေမည်

နေပြည်တော် ဇူလိုင် ၇

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၃၀	၂၂	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၅	၁၃	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၃	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၇	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၃	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၃	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၈	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၁	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၅	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ အားနည်းနေမည်။

မြန်မာဇာတ်ကားသစ် ယခုတစ်ပတ် ရုံမဝင်
X-MEN; FIRST CLASS ဇာတ်ကားရုံတင်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇူလိုင် ၇

ယခုတစ်ပတ် မြန်မာဇာတ်ကားသစ်များ ရုံမဝင်ဘဲ ယခင်အပတ်က ရန်ကုန်မြို့လယ်ရုံများသို့ ဝင်ရောက်ခဲ့သော ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ မျိုးသန္တာထွန်း၊ စိုးမိုးကြည်တို့ ခေါင်းဆောင်ပါဝင်သော **အာဒမ်ရယ် ဧဝရယ် ဒသရယ်** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

ယခုတစ်ပတ်တွင် ဒါရိုက်တာ Matthew Vaughn ရိုက်ကူးသော X-MEN; FIRST CLASS နိုင်ငံခြားဇာတ်ကားသစ် တစ်ကားသာ ပြိုင်ဘက်မရှိ ရန်ကုန်မြို့ရှိ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံသို့ ဝင်လာသည်။ ဇာတ်လမ်းတွင် ၁၉၄၄ ခုနှစ်ကာလက ပိုလန်နိုင်ငံရှိ နာဇီစစ်စခန်းတွင် အသတ်ခံရသော မိခင်အတွက် သားဖြစ်သူက လက်စားချေရန် နာဇီစစ်တရားခံအား လိုက်လံရှာဖွေပုံကို သရုပ်ဖော်ထားသည်။ သရုပ်ဆောင် James McAvoy နှင့် Michael Fassbinder တို့ ခေါင်းဆောင်ပါဝင်ထားသော စွန့်စားခန်းများပါဝင်သည့် ဇာတ်ကား တစ်ကားဖြစ်ပါကြောင်း သတင်းအမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အာဒမ်ရယ် ဧဝရယ် ဒသရယ် ဇာတ်ကားမှ ပြေတီဦးနှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်ဟန်…။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရေးတွင် အဓိကအကျဆုံးအရာသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ တိုင်းပြည်၏ စီးပွားဖွံ့ဖြိုးမှုတွင် ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းများ တိုးတက်မှုသည် ကြီးမားသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကျေးလက်ဒေသကုန်ထုတ်လုပ်မှု တိုးတက်လာခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျလာမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် နိုင်ငံတစ်ခုလုံး အချိုးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဤသည်မှာ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးနှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့၏ အပြန်အလှန်ဆက်စပ်မှုပင်ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ဆင်းရဲနွမ်းပါးသူအများစုသည်လည်း ထိုကျေးလက်တွင် နေထိုင်ကြသူများပင်ဖြစ်ကြသည်။ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများ အထိုက်အလျောက် လျှော့ချနိုင်ရေးအတွက် မေလ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ"ကျင်းပခဲ့သည်။

ယခင်အစိုးရလက်ထက်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးဟူသော ကဏ္ဍများတွင် အခြေခံကောင်းများ အထိုက်အလျောက် ရရှိခဲ့ပြီးဖြစ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် ယင်းအခြေခံကောင်းများကိုပင် အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ကာလသည် ခေတ်ပြောင်း စနစ်ပြောင်းကာလဖြစ်သည်။ အုပ်ချုပ်မှုစနစ် ပြောင်းလဲသွားသည်နှင့်အညီ ခေတ်လည်း လိုက်ပါပြောင်းလဲနေပြီဖြစ်သည်။ ခေတ်ပြောင်းစနစ်ပြောင်းကာလတွင် အဓိကဦးတည်ရမည့်အချက်မှာ စီးပွားဖွံ့ဖြိုး တိုးတက်သောနိုင်ငံ ဖြစ်ရေးပင်ဖြစ်သည်။ နိုင်ငံ၏စီးပွားရေး တိုးတက်မှသာ နိုင်ငံကို အစစ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် မြှင့်တင်နိုင်မည်ဖြစ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးကို ဦးတည်လျက် စီးပွားရေးပညာရှင်များ၊ စိုက်ပျိုးရေး ပညာရှင်များ၊ အစိုးရဌာနများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးတင်ပြခဲ့ကြသည်။ ဆွေးနွေးချက်အသီးသီးကို စုစည်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်ကဆောင်ရွက်မည့် လုပ်ငန်း(၈)ရပ်ကိုလည်း ရွေးထုတ်ခဲ့ပြီဖြစ်သည်။ ယင်းတို့မှာ–

(က) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
(ခ) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
(ဂ) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(ဃ) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(င) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(စ) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊
(ဆ) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊
(ဇ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ဖြစ်သည်။

ကမ္ဘာ့စီးပွားရေး အခြေအနေကို လေ့လာကြည့်ပါက ကမ္ဘာ့ငွေကြေး အကျပ်အတည်း၊ ရာသီဥတု ပြောင်းလဲလာမှုနှင့် စားနပ်ရိက္ခာဖူလုံစိတ်ချရရေး ပိုမိုလိုအပ်လာမှု၊ စွမ်းအင်လိုအပ်လာမှုတို့သည် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်တွေ့ကြုံနေရပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံနေရဆဲဖြစ်၍ ကျေးလက်ဒေသများတွင် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသော တောင်သူများသို့ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ဒေသအခြေအနေနှင့် ကိုက်ညီစွာ လေ့ကျင့်ပညာပေးရေး၊ သုတေသနစိုက်ကွင်းများ ထူထောင်ပေးရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးရေး၊ စီးပွားရေးတွက်ခြေကိုက်မည့် လုပ်ငန်းများနှင့် လယ်ယာကဏ္ဍ အခြေခံအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တအားတက်ဖွယ် ဖြစ်သည်။ အထွက်နှုန်းမြင့်မှ အကျိုးအမြတ်များမည်ဖြစ်သကဲ့သို့ မျိုးကောင်းမျိုးသန့်ကို စနစ်တကျ စိုက်ပျိုးမှုလည်း အထွက်တိုးမည်ဖြစ်သည်။ ဤသို့ဖြင့် လယ်ယာ

လမ်းမီးတပ်ဆင်

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် လမ်းမီးတပ်ဆင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးချစ်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

တက်သော နိုင်ငံအဖြစ် တည်ဆောက်ရေးတွင်
ည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး
စီးပွားဖွံ့ဖြိုးမှုတွင် ကျေးလက်ဒေသ ကုန်ထုတ်
သည် ကြီးမားသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။
တ်လုပ်မှု တိုးတက်လာခြင်းဖြင့် ကျေးလက်နေ
ကလာပြီး ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျလာ
တည်းမှာပင် လူမှုစီးပွားဘဝ တိုးတက်လာမည်
သ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်
ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဤသည်မှာ
ည်းပပျောက်ရေးနှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုး
အလှန်ဆက်စပ်မှုပင်ဖြစ်သည်။
ရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်
းပါးသူအများစုသည်လည်း ထိုကျေးလက်တွင်
ကြသည်။ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ
ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများ အထိုက်
ရေးအတွက် မေလ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ
ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးဆိုင်ရာ
ပ်ရုံဆွေးနွေးပွဲ”ကျင်းပခဲ့သည်။
်ထက်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်
မှတ်ဆောင်ရွက်ခဲ့ရာ ပညာရေး၊ ကျန်းမာရေး၊
၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့်
ာ ကဏ္ဍများတွင် အခြေခံကောင်းများ အထိုက်
စ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည်
းကိုပင် အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။
**ခေတ်ပြောင်း စနစ်ပြောင်းကာလဖြစ်သည်။
လဲသွားသည်နှင့်အညီ ခေတ်လည်း လိုက်ပါ
၊ ခေတ်ပြောင်းစနစ်ပြောင်းကာလတွင် အဓိက
စီးပွားဖွံ့ဖြိုး တိုးတက်သောနိုင်ငံ ဖြစ်ရေးပင်
းရေး တိုးတက်မှသာ နိုင်ငံကို အစစ ခေတ်မီ
င်အဖြစ် မြှင့်တင်နိုင်မည်ဖြစ်သည်။ အဆိုပါ
ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု
ဉ်လျက် စီးပွားရေးပညာရှင်များ၊ စိုက်ပျိုးရေး
များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ
ဲ့သည်။ ဆွေးနွေးချက်အသီးသီးကို စုစည်း၍
းနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက်
မည့် လုပ်ငန်း(၈)ရပ်ကိုလည်း ရွေးထုတ်ခဲ့ပြီ**

ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
နှင့်သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး
ရေး၊
းပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုး
ရေး၊
မလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊
်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊
တ်ဝန်းကျင် ထိန်းသိမ်းရေးတို့ဖြစ်သည်။
အခြေအနေကို လေ့လာကြည့်ပါက ကမ္ဘာ့
း၊ ရာသီဥတု ပြောင်းလဲလာမှုနှင့် စားနပ်ရိက္ခာ
အပ်လာမှု၊ စွမ်းအင်လိုအပ်လာမှုတို့သည် ကမ္ဘာ့
းအတွက် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်တွေ့ကြုံ
နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံနေရဆဲ
များတွင် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်
သူများ ဝင်ငွေတိုးတက်ရရှိရေး အလေးထား
်သည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြ
အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့
ပေးရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို
ိုက်ညီစွာ လေ့ကျင့်ပညာပေးရေး၊ သုတေသန
ပေးရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့
းအရင်းအနှီးများ ထောက်ပံ့ပေးရေး၊ စီးပွားရေး
င်န်းများနှင့် လယ်ယာကဏ္ဍ အခြေခံအသေးစား
ုပ်ငန်းများ ပေါ်ထွန်းလာရေးတို့ကို ဆောင်ရွက်
အားတက်ဖွယ် ဖြစ်သည်။ အထွက်နှုန်းမြင့်မှ
ဖြစ်သကဲ့သို့ မျိုးကောင်းမျိုးသန့်ကို စနစ်တကျ
က်တိုးမည်ဖြစ်သည်။ ဤသို့ဖြင့် လယ်ယာ

ကျရာကဏ္ဍ အတူတကွ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ကြ

ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားကာ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ကျေးလက်ဒေသတွင် မွေးမြူရေး၏ အခြေခံများရှိနေသည်။ မွေးမြူရန် မြေနေရာ၊ လွှတ်ကျောင်း စားကျက်၊ ဖြည့်စွက်အစာနှင့် ရေတို့ ဖြစ်သည်။ အဆိုပါ အခြေခံများကို အသုံးပြုလျက် ပြည်တွင်းစားသုံးမှု၊ ပြည်ပတင်ပို့မှုတို့အတွက် သားငါးထုတ်လုပ်ရန် မွေးမြူရေးများကို ဆောင်ရွက်ရမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု အခြေခံများလည်း နယ်မြေဒေသအလိုက် ဆောင်ရွက်ပြီးဖြစ်ရာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးဆိုင်ရာ နည်းပညာများ အပါအဝင် လိုအပ်သည်များကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်နိုင်ခြေရှိသော အသားနှင့်ငါး ထုတ်လုပ်မှုတို့ကို ကျေးလက်ကိုအခြေခံ၍ ဆောင်ရွက်ကြမည်ဖြစ်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လာပြီး ဝင်ငွေတိုးတက်လာမည် ဖြစ်သည်။ ကျေးရွာတစ်ရွာချင်းအလိုက်၊ အစုအဖွဲ့အလိုက် တဖြည်းဖြည်းချင်း တိုးမြှင့်ဆောင်ရွက်သွားရမည်သာ ဖြစ်သည်။

ကျေးလက်နေပြည်သူများတွင် တောင်သူလယ်သမားနှင့် လယ်ယာလုပ်သားဟူ၍ တွေ့ရမည်ဖြစ်သည်။ တောင်သူလယ်သမားများသည် ကုန်ထုတ်လုပ်သူများဖြစ်ပြီး လယ်ယာလုပ်သားများမှာမူ ထိုကုန်ထုတ်လုပ်ရေး၏ လုပ်သားများပင်ဖြစ်သည်။ လုပ်သားဖြစ်သူများမှာ နေ့စဉ်ရရှိသည့် လုပ်အားခအပေါ် မှီခိုရသူများဖြစ်၍ အမြဲမပြတ် အလုပ်ရှိနေရန် လိုအပ်သည်။ သာမန်အားဖြင့် သီးနှံများ စိုက်ပျိုးမှုမရှိသည့် နွေရာသီကာလတွင် အခြားကုန်ထုတ်လုပ်ငန်းများတွင် အလုပ်ရရှိနေရန် လိုအပ်သည်။ အလုပ်ရှိနေမှသာ ဝင်ငွေရှိနေမည် ဖြစ်သည်။ ထို့အပြင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် တောင်သူလယ်သမားများသည်လည်း စိုက်ပျိုးထားသည့် သီးနှံတစ်ခုထွက်ရှိရန်မှာ သုံးလမှ ငါးလခန့်အထိ ကြာမြင့်တတ်ရာ ထိုကြားထဲတွင် ပုံမှန်ဝင်ငွေရရှိရန် လိုအပ်သည်။ ဤတွင် လယ်ယာကုန်ထုတ်လုပ်မှု တစ်ခုတည်းသာမက ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများပါ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထင်ရှားစွာ မြင်လာရသည်။ သို့ဖြစ်၍ လက်မှုပစ္စည်းများ၊ အနုပညာပစ္စည်းများ၊ လူသုံး အိမ်သုံးပစ္စည်းများ ဈေးကွက်ဝင် ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်ခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဆိုင်ရာ အတတ်ပညာ ဗဟုသုတများ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခြေခံအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖြစ်ပေါ်တိုးတက်လာအောင် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်သွားမည် ဖြစ်သည်။

ဆင်းရဲနွမ်းပါးသူများတွင် ကျေးလက်နေ ပြည်သူများအပြင် မြို့ပြနေ ပြည်သူများလည်း ပါဝင်နေသည်။ ပမာဏအားဖြင့် နည်းသော်လည်း ယနေ့ကာလတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်နေပြီဖြစ်သည်ကို တွေ့ရသည်။ ဆင်းရဲနွမ်းပါးသူအားလုံးသည် မိသားစု၏ နေ့စဉ်အခြေခံစားသောက်စရိတ် ပုံမှန်ရရှိနေရန် လိုအပ်သည်။ ဤတွင် လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်း မဟုတ်သည့် အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးရန် လိုအပ်လာသည်။ သို့ရာတွင် အရင်းအနှီးလိုအပ်နေရာ အဆိုပါလုပ်ငန်းများ လုပ်ကိုင်ရန် ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်နေသည်ကို တွေ့ရှိရသည်။ တောင်သူလယ်သမားများကလည်း လယ်ယာလုပ်ငန်းအတွက် လိုအပ်ပါက ချေးယူနိုင်မည်ဖြစ်ပြီး အိမ်တွင်းစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်လိုသူများ၊ အနိမ့်ဆုံးအဆင့်ဖြစ်သော ဈေးရောင်းသူများကိုလည်း အဆိုပါ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများက ထောက်ကူနိုင်မည်ဖြစ်သည်။ ယခုအခါ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများ ရှိနေပြီဖြစ်ရာ အထိုက်အလျောက် အထောက်အပံ့ ရရှိနေပြီဖြစ်သည်။ နိုင်ငံတော်အပိုင်းမှ တူညီသည့် စံနှုန်းများ သတ်မှတ်၍ တရားဝင်အဖွဲ့အစည်းများဖြစ်အောင် အဖွဲ့အစည်းတစ်ခုက ကြီးကြပ်ဆောင်ရွက်သွားရန် စီစဉ်မည်ဖြစ်သည်။ ဤလုပ်ငန်းများသည် ကုန်ထုတ်လုပ်မှုများအတွက် အရင်းအနှီးသာမက မကျန်းမမာဖြစ်နေသူများ ဆေးဝါးကုသရေး၊ ကျောင်းထားချိန်တန်သူ သားသမီးများကို ကျောင်းထားနိုင်ရေးစသည့် အခြေခံလိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ကျော်မျိုးနောင်

ကျေးလက်ဒေသ၏ ထွက်ကုန်များသည် လယ်ယာလုပ်ငန်းခွင်သာမက နေထိုင်သည့် ခြံဝင်းများအတွင်း စိုက်ပျိုးမွေးမြူထားသော တစ်ပိုင်တစ်နိုင်လုပ်ငန်းများမှလည်း ထွက်ရှိနေသည်။ ဤသည်မှာ ဆင်းရဲနွမ်းပါးမှုကို ထောက်ကူမည့် ဒုတိယဝင်ငွေဖြစ်သည်။ ဒုတိယဝင်ငွေတွင် အဆိုပါ တစ်ပိုင်တစ်နိုင်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများလည်း ပါဝင်နေသည်။ ကျေးလက်ဒေသမှ ထွက်ကုန်အားလုံးကို စားသုံးသူထံသို့ မြန်မြန်ဆန်ဆန် ရောက်ရှိရေးမှာလည်း အဓိကကျသည်။ ဤတွင် သီးနှံများ ပို့ဆောင်ရန် အခက်အခဲရှိ၍ တန်ဖိုးလျော့ကျမှုနှင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးသည်လည်း ပါဝင်လာသည်။ သို့ဖြစ်၍ သယ်ယူပို့ဆောင်ရေး၊ ထွက်သမျှ ရောင်းချရရေးအတွက် တစ်ဦးချင်းတစ်ယောက်ချင်း ဆောင်ရွက်မှုထက် အစုအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းက လေလွင့်ခြင်း၊ ဈေးနှိမ်ခံရခြင်းတို့မှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူထုယုံကြည်မှုရရှိချိန်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းများအသွင် ပြောင်းလဲဖွဲ့စည်း ဆောင်ရွက်သွားရမည်ဖြစ်သည်။ စုဖွဲ့ဆောင်ရွက်၍ ပိုမိုရရှိလာသည့် အကျိုးအမြတ်သည် ကျေးလက်နေပြည်သူများသာ ခံစားရမည်ဖြစ်သည်။

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးဟူသည့် နယ်ပယ် (၅)ရပ် ပါဝင်နေသည်။ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ မြင့်မားလာမှ မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ပေါ်လာမည် ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ပညာရေးနှင့် ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်မည့်အပြင် ကျေးလက်ဒေသ လယ်ယာထွက်ကုန်များ ပို့ဆောင်ရေးလည်း လျင်မြန်မည်ဖြစ်သည်။ ဤတွင် ဆက်သွယ်ရေးသည် ကျန်နယ်ပယ် လေးရပ်စလုံးအတွက် အရေးအပါဆုံးဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ အား၊ ဘဏ်များ၊ ငွေစုငွေချေးသမဝါယမအသင်းများ၏ အား၊ ဖောင်ဒေးရှင်းများ၏ အား၊ လုပ်ငန်းရှင်များ၏ အား၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အား၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အား၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အား၊ စေတနာရှင်များ၏ အား၊ လူမှုရေးအသင်းအဖွဲ့များ၏ အားနှင့် ဒေသခံပြည်သူများ၏ အားဟူသည့် အား ဆယ်အားဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှာ မဝေးတော့ပြီဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်သည်။

ကျေးလက်နေ ပြည်သူများသည် စွမ်းအင်အတွက် သဘာဝကိုသာ အဓိက မှီခိုနေရဆဲဖြစ်သည်ကို တွေ့ရသည်။ ဥပမာအားဖြင့် လောင်စာအတွက် ထင်း၊ မီးသွေးတို့ကိုသာ သုံးနေရသကဲ့သို့ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးတို့တွင်လည်း လက်လုပ်ပစ္စည်းများ၊ သစ်ဖြင့်ပြုလုပ်သော ကိရိယာများနှင့် ကျွဲနွားများကိုသာ အားထားနေရဆဲဖြစ်သည်။ နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်မည့် အစီအစဉ်များတွင် နေရောင်ခြည်စွမ်းအင်သုံးစနစ်၊ ရေအားစွမ်းအင်သုံးစနစ်၊ လေအားစွမ်းအင်သုံးစနစ်၊ စွန့်ပစ်ပစ္စည်းစွမ်းအင်သုံးစနစ်၊ အင်ဂျင်ပါဝါသုံးစနစ်များပါရှိသည်။ ကျေးလက်၏ စွမ်းအင်စနစ် မြင့်မားလာပါက ကုန်ကျစရိတ်သက်သာခြင်း၊ လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ ပြုခြင်းစသည့် အကျိုးတရားများအပြင် လူနေမှုအဆင့်အတန်းပါ မြင့်တက်လာမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကျေးလက်နေပြည်သူတို့၏ဘဝနှင့် များစွာဆက်စပ်နေပေသည်။ သဘာဝတောတောင်များ၊ မြစ်ချောင်း အင်းအိုင်များသည် ကျေးလက်နေပြည်သူတို့၏ နေ့စဉ်အစားအသောက် လိုအပ်ချက်များစွာကို ပံ့ပိုးပေးနေသည်။ သဘာဝကပေးသော ဟင်းသီးဟင်းရွက်နှင့် သားငါးများကို ထိုတောတောင် မြစ်ချောင်းအင်းအိုင်များတွင် အလွယ်တကူ လွတ်လပ်စွာ ရှာဖွေနိုင်သည်။ ကုန်ကျစရိတ် သက်သာမှုကိုသာမက စိတ်ပျော်ရွှင်မှုကိုပါ ရရှိစေသည်။ သို့ရာတွင် ထိုသဘာဝပတ်ဝန်းကျင်ကို တစ်ဦးချင်း အသိတရားဖြင့် ထိန်းသိမ်းရန်မှာ ခက်ခဲသဖြင့် သတ်မှတ်ပြဋ္ဌာန်း ကန့်သတ်ဆောင်ရွက်ရမည်ဖြစ်သည်။ လောင်စာအတွက် ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများမရှိအောင် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးရေးဆောင်ရွက်၍ ကာကွယ်ရမည်ဖြစ်သည်။ တောင်ကုန်းနှင့် ချိုင့်ဝှမ်းရှိသော ဒေသများတွင် တောင်ယာခုတ်၍ မီးရှို့ခြင်း၊ တောင်ယာစိုက်ပျိုးခြင်းအစား လှေကားထစ်စိုက်ပျိုးရေးပြုလုပ်ခြင်း၊ တောင်ယာမခုတ်ရေးတို့ကိုလည်း ကန့်သတ်ထိန်းချုပ်ရမည်ဖြစ်သည်။ ထို့အပြင် သစ်တောများ ပြုစုထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ သန့်ရှင်းသောသောက်သုံးရေ ဖူလုံရေး၊ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းရေး၊ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ရေးတို့တွင် ကျေးလက်နေပြည်သူများ ပါဝင်လာစေရေးတို့ပါ ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့မှသာ သဘာဝပတ်ဝန်းကျင် တည်တံ့နေပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးကို သဘာဝပတ်ဝန်းကျင်က ပြန်လည်အကျိုးပြုမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသူများကို ဝင်ငွေတိုးတက်ရရှိအောင် အာကဘက်မှ စီမံဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျခြင်းအပြင် ဝင်ငွေတိုးလာသည့်အတွက် ဝယ်ယူနိုင်စွမ်း (Purchasing Power) လည်း မြင့်မားလာမည်ဖြစ်သည်။ အခြေခံလိုအပ်ချက်များ (Basic Needs) မည်မျှပင်ရှိစေကာမူ ဝင်ငွေပေါ်မူတည်၍ အဓိကကျသည်ကိုသာ ရွေးချယ်ဝယ်ယူမည်ဖြစ်သဖြင့် ဝင်ငွေတိုးတက်မှသာ ဝယ်ယူနိုင်စွမ်း မြင့်မားလာမည်ဖြစ်သည်။ ဝယ်ယူနိုင်စွမ်း မြင့်မားလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။

ယနေ့ကာလ နိုင်ငံတော်အစိုးရသည် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထူးတလည် အလေးထားဆောင်ရွက်ရန် စတင်နေပြီဖြစ်သည်။ လက်တွေ့ကျသော လုပ်ငန်းစဉ်များကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မေလ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော “ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး” အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်း (၈) ရပ်ကို ချမှတ်ခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့က ကျင်းပပြုလုပ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးတွင် လုပ်ငန်းကော်မတီ၊ အထောက်အကူပြု ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီ လုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းလျက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဗဟိုကော်မတီ အစည်းအဝေးမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစီမံချက် (Action Plan)၏ ဘောင် (Frame)မူကြမ်းကို ချပြခဲ့ပြီးဖြစ်သည်။ စီမံချက်အကောင်အထည်ဖော်မည့်ကာလကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ သတ်မှတ်ထားသည်။ လုပ်ငန်းကော်မတီသည် အထောက်အကူပြု ဆပ်ကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများနှင့် ညှိနှိုင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများမှ နယ်မြေဒေသနှင့် ဆီလျော်သော လုပ်ငန်းအစီအမံများ အသေးစိတ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် မျှတသောရာသီဥတုရှိပြီး ရေခံမြေခံကောင်းသဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်ခဲ့သည်။ တစ်ချိန်က ကမ္ဘာ့ဆန်တင်ပို့မှုတွင် ထိပ်ဆုံးကရှိခဲ့သည်။ သို့ရာတွင် တောင်သူလယ်သမားအခြေခံလူတန်းစားများသည် စီးပွားရေးနိမ့်ကျကာ ဆင်းရဲနွမ်းပါးမှုသံသရာမှ ရုန်းမထွက်နိုင်ခဲ့ပေ။

အဆိုပါ ရေခံမြေခံကောင်းများတွင် နည်းပညာများ၊ ပံ့ပိုးမှုများ၊ ထောက်ကူမှုများ ဖြည့်စွက်ကာ နယ်မြေဒေသ၏ ရေမြေသဘာဝနှင့် ကိုက်ညီသော လယ်ယာကုန်ထုတ်လုပ်မှုများ၊ သားငါးထုတ်လုပ်မှုများ၊ လယ်ယာထွက်ကုန် အခြေခံ အလတ်စားနှင့် အသေးစားကုန်ထုတ်လုပ်မှုများ စသည်ဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေပုံမှန်ရရှိစေမည့်၊ ဝင်ငွေတိုးစေမည့် လုပ်ငန်းများကို နိုင်ငံတော်မှ စနစ်တကျ ဖွဲ့စည်းအကောင်အထည်ဖော်တော့မည်ဖြစ်ရာ မကြာမတင်သောကာလတွင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ကာ ကျေးလက်နေပြည်သူများလည်း ဆင်းရဲနွမ်းပါးမှုနွံမှ လွတ်မြောက်တော့မည်ဖြစ်သည်။ နိုင်ငံတော်အပိုင်းမှ ပံ့ပိုးထောက်ကူ ဆောင်ရွက်ပေးမှုများတွင် ကျွန်တော်တို့ ကျေးလက်နေပြည်သူများကလည်း စိတ်ရောကိုယ်ပါ အားတက်သရော ဆောင်ရွက်ကြရပါမည်။ **“ရေမြင့်မှ ကြာတင့်”** ဆိုသကဲ့သို့ပင် တောင်သူလယ်သမား၊ အလုပ်သမား စသည့် တိုင်းပြည်၏ အခြေခံ လူတန်းစားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် ကျရာကဏ္ဍမှ အတူတကွ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသတည်း။ ။

ပ်ဆင်

စည်ပင်သာယာ
ာလှပရေးအတွက်
ငန်းကို အမှုဆောင်
ခငယ်တန်းအင်ဂျင်
းတို့ ကြီးကြပ်

(မြို့နယ်စည်ပင်)

မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

မြိတ် ဇူလိုင် ၇

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသော မြန်မာ့ချည်ထည်၊ ပိုးထည်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် အနုပညာဖျော်ဖြေပွဲကို ဇွန် ၂၅ ရက်တွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားသည်။

ဖျော်ဖြေ

ထို့နောက် မြိတ်တက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသူလေးများက မြန်မာ့ပြည်တွင်းဖြစ် ချည်ထည်၊ ပိုးထည်များဖြင့် ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အနုပညာဖျော်ဖြေမှုများတွင် ပါဝင်သူများအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး အလှူရှင်များက လှူဒါန်းသော အလှူငွေများကို လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံ အမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့်အဖွဲ့သည် မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Dr. Madan Mohan Sethi နှင့်အတူ ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြည်မြို့နယ်အသင်း သက်ကြီးပူဇော်မည်

ရန်ကုန် ဇူလိုင် ၇

ရေကြည်မြို့နယ်အသင်း (ရန်ကုန်)၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ (၂၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လွင် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မကွေးမြို့ အခွန်လွတ်ဈေး ကွင်းဆင်းစစ်ဆေး

မကွေး ဇူလိုင် ၇

မကွေးမြို့ ကန်သာရပ်ကွက်အတွင်းရှိ အခွန်လွတ်ဈေးအတွင်း ဈေးရောင်းချမှုကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးသန်းဝင်းတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ခြင်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဇူလိုင် ၃ရက် နံနက်ပိုင်းက ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင် လက်ပံခြေပေါ်ဘက်ကမ်းရှိ တံတားတိုင် RP_1 မှ RP_{10} အထိ သံပေါင်တပ်ဆင်ပြီးစီးမှု၊ ကွန်ကရစ်ကြမ်းခင်းပြားများ ခင်းကျင်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြီးစီးနေ

ယခုအခါ ဧရာဝတီတံတား(ပခုက္ကူ)၏ ပင်မတံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းမှာ တံတားတစ်စင်းလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော် -တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း မိုင်တိုင်အမှတ် (၅၁/၅)အနီးရှိ ယောချောင်းတံတားသို့ ရောက်ရှိပြီး မိုးတွင်းကာလ ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် မိုင်တိုင်အမှတ် (၄၆/၃)နှင့် (၄၆/၂)အကြား၌ စွန်ချောင်းတံတား ချဉ်းကပ်လမ်းများ ရေတိုက်စားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ် သဲဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၉ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးကြူ၊ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းနှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးမျိုးတင့်-ဒေါ်ကြူကြူစိန် (စွယ်စုံဆေးဆိုင်နှင့်စတိုး) မိသားစုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ မိုင်းဆတ်၌ ကျင်းပ

မိုင်းဆတ် ဇူလိုင် ၇

မိုင်းဆတ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သီရိရတနာခန်းမ၌ကျင်းပရာ ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေမျိုးအေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် တိုင်းစည်ပင်ညွှန်ကြားရေးမှူးဦးအောင်မြင့် ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ပျိုးဥယျာဉ်၌ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ဇူလိုင်၂ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေဖြူမြို့ ရေး-ထားဝယ်ကားလမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇွန် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင်ထွေး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်နှင့်အဖွဲ့ အောင်ဆန်း (၁)လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ အမှုဆောင်အရာရှိ ဦးစောရွှေတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးချိုလမ်းကတ္တရာအပေါ်ကျ ဖာထေးခြင်းလုပ်ငန်းကို ဇွန် ၆ ရက်က မြို့နယ်တာဝန်ခံအရာရှိ ဦးစိုးသန်းနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်က ပြွန်တန်ဆာမြို့၌ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရခိုင်ပြည်နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ရခိုင်ပြည်နယ် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက စစ်တွေတက္ကသိုလ်ပရဝဏ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်၍ ပျိုးပင်များကို ဖြန့်ဝေပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။ **(ဝဲပုံ)** ဆက်လက်၍ တက်ရောက်လာကြသူများက စိန်ပန်း၊ ကံ့ကော်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ယင်းမာ၊ ခရေ၊ ပုန်းညက် စသည့် အရိပ်ရလေကာပင် ၂၀၀၀ကို စုပေါင်းစိုက်ပျိုးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓနုတိုင်းရင်းသားမိသားစုအသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဓနုတိုင်းရင်းသား ဓမ္မာရုံ ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မိသားစုဝင် များအားလုံး တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဖုန်း- ၃၈၃၇၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျောင်းကုန်းမြို့ရှိ သဘာဝရေပြင်ရေလှောင်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၇

သဘာဝရေပြင်ရေလှောင်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားနှင့် ကျောင်းသုံးဗလာစာအုပ်များပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၄ ရက်က ကျောင်းကုန်းမြို့နယ် ဒါးက မြစ်ဘေးရှိ ရောရွှေဝါကုမ္ပဏီမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက သဘာဝရေလှောင်ကွင်းများအတွင်း ငါးမျိုးစိုက်ထည့်ရခြင်းနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ မျက်နှာဖုံးပါသည့် ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသိန်းဦးနှင့်ဝန်ထမ်းများ၊ ရောရွှေဝါကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်နှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရေလုပ်သားများက သဘာဝရေလှောင်ကွင်းအတွင်း ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးကောင်ရေ ၄၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကျွန်းလှ၌ ပညာပေးဆွေးနွေး

ကျွန်းလှ ဇူလိုင် ၇

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် စပါးတစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပညာပေးဆွေးနွေးပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက ရှမ်းစုကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ပြန်လည်ဆွေးနွေး

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းမန်နေဂျာ ဦးသိန်းဝင်း၊ ရွှေဘိုခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်နှင့် အဖွဲ့က စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်နှင့်အညီ ဆောင်ရွက်ကြရန် ပညာပေးဟောပြောသည်။ ထို့နောက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူများက သိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးမင်းက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဟသ်ာတ၌ ခြင်ဆေးဖျန်း

ဟသ်ာတ ဇူလိုင် ၇

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီးနှင့် ဈေးအတွင်း မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၁၈ ရက်က အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး(ဈေး)နှင့်အဖွဲ့ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ရှင်းလင်းတင်ပြ

ကျောက်ဖြူမြို့နယ် ကိုင်းချောင်းကျေးရွာ၌ သောက်သုံးရေကန်တူးဖော်ပြီးစီးမှုကို ဇွန် ၆ ရက်က အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က ရမည်းသင်းမြို့နယ် ရွှေသင်းဘိုးဘွားရိပ်သာနှင့် သာသနာ့ဗိမာန်ဝင်းအတွင်း ကျင်းပရာ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ စုပေါင်း၍ ကျွန်း၊ ယူကလစ်နှင့် အရိပ်ရပင်မျိုးစုံ ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (၄၀၆)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေတာရှည်မြို့နယ်၌ ကျင်းပ

ရေတာရှည် ဇူလိုင် ၇

ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီက ကျင်းပရာ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်အေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင် ၇၈၀ ၊ ပျဉ်းကတိုးပင် ၁၀၀၊ ယမနေပင် ၁၀၀၊ ယင်းမာပင် ၁၀၀ စုစုပေါင်း အပင် ၁၀၈၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး ကြည့်မြင်တိုင်မြို့နယ်၌ ဟောပြော

ရန်ကုန် ဇူလိုင် ၇

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲကို ကြည့်မြင်တိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၆ ရက်က ကျင်းပရာ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ထွန်းက ပညာပေးဟောပြောသည်။ **(အောက်ပုံ)**

အလားတူ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ကျေးရွာများတွင်လည်း ပညာပေးဟောပြောပွဲနှင့် လက်တွေ့ကာကွယ်ရေး ပညာပေးဟောပြောမှုများကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်းသိရှိရသည်။ (၀၄၂)

ကျောင်းသုံးစာရေးကိရိယာများ ချင်းရွှေဟော်၌ ထောက်ပံ့

ချင်းရွှေဟော် ဇူလိုင် ၇

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာ ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ချင်းရွှေဟော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ဒေသခံရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းသား ကျောင်းသူများက လက်ခံယူပြီးနောက် ကျောင်းအုပ်ဆရာကြီး ဦးသန်းညိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ရေးဟောပြော

သီပေါ ဇူလိုင် ၇

သီပေါမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေး၊ ကြွပ်ကြွပ်အိတ်သုံးစွဲမှု ပပျောက်ရေးအတွက် သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ခေါင်းဆောင်သော မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ ဇွန် ၁၂ ရက်က စည်ပင်သာယာဈေးအတွင်းရှိ စားသောက်ဆိုင်များတွင် ကွင်းဆင်းဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း

စာတည်းထံပေးစာများ

ကွန်ကရစ်လမ်းဘေးရှိအမှိုက်ပုံ ရှင်းပေးပါ

စာတည်းခင်ဗျား-

သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေ(၇)လမ်းအနောက် ကွန်ကရစ်လမ်းဘေးရှိ အမှိုက်ပုံကြီး၏ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် အမှိုက်ပုံမှ အမှိုက်များကွန်ကရစ်လမ်းပေါ်သို့ လျှံကျလျက်ရှိသောကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မာန်ပြေလမ်းသား

အညစ်အကြေးများ စနစ်တကျစွန့်ပစ်စေချင်

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ၉/မြောက်ရပ်ကွက် လေးထောင့်ကန်လမ်းမပေါ်ရှိ ကုမ္ပဏီတစ်ခုသည် အများပြည်သူသုံး အိမ်ရှေ့မြောင်းမကြီးထဲသို့ ၎င်းတို့၏ ရေအိမ်သုံး အညစ်အကြေးများအား ဖောက်ချစွန့်ပစ်နေသောကြောင့် ၎င်းမှ အနံ့ဆိုးများကို အနီးပတ်ဝန်းကျင်ရှိအိမ်များ မခံနိုင်အောင်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ဓာတ်ဆီရောင်းချမှု ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

(၂၆-၆-၂၀၁၁)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မုံရွာမြို့ ဘုန်းစိုးရပ်ကွက် ကျောက္ကာလမ်းနှင့် ပေ ၈၀ လမ်းအနီး အိမ်တစ်အိမ်၌ ဓာတ်ဆီပီပါများသိုလှောင်ကာ အိမ်ရှေ့တွင် လက်လီလက်ကားရောင်းချနေပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

သူ့လိုကြီးပွားချင်ပါသလား ? သားသမီးများကို အမွေပေးရမည့် . . .

ဖခင်နဲ့တိုက်ခဲ့သည့် ကျွန်တော့်အဖေနှင့်
လောကစံကိုစိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့်ကျွန်တော်

ကေသီပန် ဦးလှမြင့်

စာမျက်နှာ ၆၀၀ ကျော် ဆိုက်ကြီး ခန့်ချော
တစ်အုပ် ၄၀၀၀ ကျပ်မျှသာ

ဥတုရာသီ
တောကိုမှီ၏

ကျေးဇူးဆပ်ပါမည်

၂-၇-၂၀၁၁ရက်နံနက် သုနာပြုတက္ကသိုလ်မှ လေဆိပ်အသွား တက္ကစီပေါ်တွင် Toshiba Laptop Computer တစ်လုံးမေ့ကျန်ခဲ့ပါသည်။ ပြန်လည်ဆက်သွယ်ပို့ပေးပါက ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-တိုက်(၂)၊ အခန်း (၁၅)၊ သုနာပြုတက္ကသိုလ်အရာရှိ ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၇၈၄၃

ကားရောင်းမည်

ISUZU Double Cab 2000 mdl၊ ကားကောင်း၊ ကျပ် ၃၉၅သိန်း (ညှိနှိုင်း) ၄ခ/၈...။

ဖုန်း- ၀၉-၄၉၂၀၆၆၁၀

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)

ဘားအံခရိုင်တရားရုံး

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် -၁၇

မအေးနန္ဒာကျော်	**နှင့်**	၁။ ဦးအောင်သာကျော်
စစ်မှုထမ်းဟောင်းအိမ်ရာ		၂။ ဒေါ်ဌေးဌေးမြင့်
ထီလုံကျေးရွာ		၃။ နန်းသက်ယဉ်မွန်
လှိုင်းဘွဲ့မြို့နယ်		လူဘဲခတ်ပုံတိုက် လမ်းကြား၊ တောင်ကလေးဘုန်းတော်ကြီးကျောင်းရှေ့၊ ဘားအံမြို့။
တရားလို		**တရားပြိုင်များ**

ဘားအံမြို့၊ လူဘဲခတ်ပုံတိုက်လမ်းကြား၊ တောင်ကလေးဘုန်းတော်ကြီးကျောင်းရှေ့နေဦးအောင်သာကျော်၊ ဒေါ်ဌေးဌေးမြင့်နှင့် နန်းသက်ယဉ်မွန်(အတူနေမိသားစု) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ၉-၅-၂၀၁၀ရက်စွဲပါ စာချုပ်ပဋိညာဉ်အတိုင်း ငွေရင်းကျပ် ၆၅သိန်း၏ နှစ်ဆဖြစ်သော ကျပ်သိန်း၁၃၀(ကျပ်တစ်ရာ့သုံးဆယ်သိန်း) ရလိုမှု သို့မဟုတ် စာချုပ်ပဋိညာဉ်အတိုင်း ကျပ်သိန်း၁၃၀အား လိုက်နာပေးဆပ်မှုမရှိပါက တရားပြိုင်များပိုင် အိမ်နှင့်မြေအား ကာလပေါက်ဈေးအတိုင်း လေလံတင်ရောင်းချပြီး ရရန်ရှိငွေ ကျပ်သိန်း ၁၃၀အား ခုနှိမ်ပေးဆပ်ရယူလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၁ခုနှစ် ဇူလိုင်လ ၂၀ရက်(၁၃၇၃ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်) နံနက် ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဆွေဆွေ
ခရိုင်တရားသူကြီး
ဘားအံခရိုင်တရားရုံး

မွေးသက္ကရာဇ်နှင့် ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၄)၊ အဋ္ဌမတန်း(က)မှ မအိအိသိမ့်ဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁-၁၉၉၇ ဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးတင်မောင်မြင့် ၉/မမန(နိုင်)၀၂၂၅၂၄ ဖြစ်ပါသည်။ **ဦးတင်မောင်မြင့် ၉/မမန(နိုင်)၀၂၂၅၂၄**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စဉ့်ကူးမြို့နယ်၊ ကျဉ်တောက်ပေါက်ကျေးရွာနေ ဦးစိုးမြင့်၏သမီးဖြစ်သူ မနန်းခိုင်နှင်းအေး(ခ)ကျားရှင် ၉/စကန(နိုင်)၀၇၃၆၀၉ အား ခွင့်မလွှတ်နိုင်သောအကြောင်းများကြောင့် ယနေ့မှစ၍ အမွေခံသမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါကြောင်း။

ဦးစိုးမြင့်
၉/စကန(နိုင်) ၀၅၂၅၀၄

မီး သတိပြု

ဂုဏ်ပြုဆုချီးမြှင့်

၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်မြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇွန် ၁၇ ရက်က အထက နေပြည်တော် တေဇခန်းမ၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

ဟောပြော

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၃ ရက်က ရမည်းသင်းမြို့ အမှတ်(၁) အထက်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောစဉ်။ (၀၁၁)

ဖြင့်မောင်စိုး-စုစည်းသည်

အသံပါရမီရှင် ဖိလစ်ပိုင်အဆိုတော် ချာရိုက်စ်၏ဂီတဘုံဘိုင်

လက်စ်ဗီးဂတ်စ် ဇူလိုင် ၇

ဖိလစ်ပိုင် ပေါ့ပ်အဆိုတော်မလေး ချာရိုက်(စ်) (Charice) **(ဝဲပုံ)**သည် Youtube အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် လူသိများကျော်ကြားခဲ့ရာမှ အမျိုးသမီးဂီတလောကတွင် ဂီတကြယ်တစ်ပွင့်အဖြစ် ထင်ရှားလာသည်။

ဝါသနာကြီး

အသက် ၁၉ နှစ်အရွယ်သာရှိသေးသည့် အဆိုတော် ချာရိုက်စ်သည် ဖိလစ်ပိုင်နိုင်ငံ လာဂူနာမြို့သူဖြစ်သည်။ သူသည် ငယ်စဉ်ကတည်းက အဆိုဝါသနာကြီးခဲ့သူဖြစ်ခြင်းကြောင့် အသက်ခုနစ်နှစ်အရွယ်မှစပြီး သီချင်းဆိုပြိုင်ပွဲအများအပြား၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူလည်းဖြစ်၏။

ချာရိုက်စ်သည် ထိုမှတစ်ဆင့် ဖိလစ်ပိုင်နိုင်ငံတွင် နာမည်အကြီးဆုံးဖြစ်သည့် Little Big Star သီချင်းဆိုပြိုင်ပွဲ၊ American Idol သီချင်းဆိုပြိုင်ပွဲတို့၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှ လူသိများ ကျော်ကြားလာပြီး ပရိသတ်များအားပေးမှုကို ရရှိခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်တွင်မူ သူမ၏ Charice အမည်ရှိ တေးအယ်လ်ဘမ် ထွက်ရှိခဲ့သည်။ ထိုတေးအယ်လ်ဘမ်သည် သူမ၏ ပထမဆုံးသော တေးအယ်ဘမ်ဖြစ်ခဲ့ပြီး အမေရိကန်ဘဲလ်ဘုတ် (Billboard) အရောင်းရဆုံး တေးအယ်လ်ဘမ် ၂၀၀ စာရင်းတွင် နံပါတ်ရှစ်အဆင့် ရှိခဲ့သည်။

လူကြိုက်များ

သူမသည် ထိုအရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းတွင် နံပါတ်ရှစ်အဆင့်အထိ ရောက်ရှိခဲ့ခြင်းမှာ အာရှအဆိုတော်များအနက်မှ ပထမဆုံးဖြစ်သကဲ့သို့ ဖိလစ်ပိုင်ဂီတသမိုင်းတွင်လည်း ကမ္ဘာကျော်အဆိုတော်အဖြစ် ပထမဆုံးဖြစ်လာခဲ့သည်။ ၂၀၁၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ခရစ္စမတ်တေးများ ထွက်ရှိခဲ့ပြန်သည်။ ချာရိုက်စ်နှင့် နာမည်ကြီး အဆိုတော်တစ်ဦးဖြစ်သော အိုင်းယက်စ် (Iyaz)တို့ တွဲဖက်သီဆိုထားသည့် Pyramid အမည်ရှိ တေးသီချင်းမှာ အလွန်လူကြိုက်များခဲ့သည်။

ထိပ်ဆုံး၌ရှိ

ထိုတေးအယ်လ်ဘမ်မှာ ယနေ့အထိ နိုင်ငံပေါင်း ၄၀ မှ အဆိုတော်များ၏ အရောင်းရဆုံး တေးအယ်လ်ဘမ်များတွင် ထိပ်ဆုံး၌ ရှိနေဆဲဖြစ်သည်။ သူမသည် အဆိုတော်အဖြစ် အောင်မြင်ကျော်ကြားခဲ့ရုံသာမက သူမသီဆိုခဲ့သော တေးအယ်လ်ဘမ်များတွင် သရုပ်ဆောင်ရာမှ ကမ္ဘာကျော်အဆိုတော် မော်ဒယ်လ်သရုပ်ဆောင်လည်းဖြစ်လာခဲ့သည်။

ယခုအခါ အဆိုတော် ချာရိုက်စ်သည် အသံပါရမီရှင်ဟု ဆိုရလောက်အောင် အဆိုအလွန်ကောင်းလှသဖြင့် ကမ္ဘာကျော်အဆိုတော်များနှင့်တွဲဖက်ပြီး တေးအယ်လ်ဘမ်များ ထွက်ရှိနေခြင်းကြောင့် အာရှအဆိုတော်များအကြား ကြယ်တစ်ပွင့်အဖြစ် လင်းလက်တောက်ပလာလျက်ရှိပါကြောင်း. . .။ ။

ကိုးကား-အင်တာနက်

ကောင်းမြတ်သူ - စုစည်းသည်

ကွင်းလယ်ကစားသမား ချာလီအဒမ်အား လီဗာပူးလ်အသင်းခေါ်ယူ

လန်ဒန် ဇူလိုင် ၇

ဘလက်ပူးလ်အသင်းမှ ကွင်းလယ်ကစားသမား ချာလီအဒမ်** (အောက်ပုံ) **အား လီဗာပူးလ်အသင်းက ခေါ်ယူရန်သဘောတူလိုက်ပြီဖြစ်သည်။

ရောက်ရှိလာ

အသက် ၂၅ နှစ်အရွယ်ရှိ စကော့တလန်လက်ရွေးစင်ဘောလုံးသမား ချာလီအဒမ်အား အနည်းဆုံး ပေါင်သန်းခွဲဖြင့် စာချုပ်ချုပ်ဖွယ်ရှိသည်။ ၎င်းသည် စကော့တလန်ကလပ် ရိန်းဂျားမှ ဘလက်ပူးလ်အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ လီဗာပူးလ်အသင်းသည် ဇွန်လက ဆန်းဒါးလန်းအသင်းမှ ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆင်ကိုလည်း ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူခဲ့သည်။ *(အင်တာနက်)*

၂၀၁၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲ တောင်ကိုရီးယားနိုင်ငံ အိမ်ရှင်အဖြစ် ကျင်းပမည်

ဆိုးလ် ဇူလိုင် ၇

၂၀၁၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ ပြုံချန်းမြို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသွားပြီဖြစ်သည်။ ***(အပေါ်ပုံ)***

အဆိုပါပြုံချန်းမြို့တွင် ၂၀၁၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲကျင်းပခွင့်ကို အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီက ဆန္ဒမဲပေးရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ ပြုံချန်းမြို့၌ ၎င်းအားကစားပွဲ ကျင်းပခွင့်ကို ဂျာမနီနိုင်ငံ မြူးနစ်နှင့် ပြင်သစ်နိုင်ငံအန်နီစီမြို့တို့ကို ကျော်ဖြတ်ပြီး ကျင်းပခွင့်ရခဲ့ခြင်းဖြစ်သည်။

ကျင်းပခွင့်ရ

ပြုံချန်းမြို့သည် အားကစားပွဲအိမ်ရှင်အဖြစ် အိုလံပစ်ကော်မတီမဲပေးပိုင်ခွင့် ၉၅မဲ ရှိရာတွင် ၆၃မဲဖြင့် အနိုင်ရပြီး ကျင်းပခွင့်ရခဲ့ခြင်းဖြစ်သည်။

တည်ရှိ

ယင်းမြို့သည် လူဦးရေ ၄၇၀၀၀ နေထိုင်လျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံအရှေ့ဘက်ကမ်းခြေအနီး၌ တည်ရှိသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဆက်လက်ကျင်းပ

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ စိတ်ဝင်တစားလေ့လာဝယ်ယူ

နေပြည်တော် ဇူလိုင် ၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

လေ့လာကြည့်ရှု

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအား လေ့လာကြည့်ရှုမှတ်သားကြပြီး နှစ်သက်ရာအလိုက် ရွေးချယ်၍ တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများ ထည့်သွင်းကြသည်။

အိတ်ဖွင့်တင်ဒါစနစ်

ယနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများကို ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၅၇၀ ရောင်းချရသည်။

ဝယ်ယူနိုင်

ထို့အပြင် ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် အခြားသော ဆပ်ကော်မတီများအနေဖြင့် မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းကိစ္စများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို အောင်မြင်စွာကျင်းပနိုင်စေရေးအတွက် အထောက်အကူပြုလျက်ရှိသကဲ့သို့ ပြပွဲသို့တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအနေဖြင့်လည်း အဘက်ဘက်မှ အဆင်ပြေလွယ်ကူချောမွေ့စေသည့် ဆပ်ကော်မတီများ၏ ဝန်ဆောင်မှုများကြောင့် စိတ်အေးချမ်းပျော်ရွှင်စွာ ဝယ်ယူနိုင်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ ၇-၇-၂၀၁၁

ဖားကန့်မြို့	၄ ဒသမ ၁၃ လက်မ
ကျောက်ဖြူမြို့	၃ ဒသမ ၃၈ လက်မ
သိမ်ဇရပ်မြို့	၃ ဒသမ ၀၃ လက်မ
ဘီးလင်းမြို့	၂ ဒသမ ၉၉ လက်မ
စစ်တွေမြို့	၂ ဒသမ ၆၈ လက်မ
မအူပင်မြို့	၂ ဒသမ ၆၀ လက်မ